# ပေါလု၏အကျဉ်းထောင်သြဝါဒစာများ

သင်ခန်းစာ လေး

ပေါလုနှင့် ဖိလေမုန်သြဝါဒစာ

Manuscript

thirdmill

Biblical Education. For the World. For Free.

တတိယ ထောင်စုနှစ် အမှုတော်များ၊ ၂၀၁၂

မူပိုင်ခွင့် အားလုံးကန့်သတ်ထားပြီးဖြစ်သည်။ ဤစာအုပ်၏ မည်သည့် အပိုင်းကဏ္ဍကို မဆို ပညာနှင့် အရည်အသွေး သို့မဟုတ် ပြန်လည် ဆန်းစစ်ခြင်း သို့မဟုတ် ထင်မြင် သုံးသပ်ချက်ပေးခြင်း ရည်ရွယ်ချက်များအတွက် အတိုချုံး ကိုးကားမှု ပြုသည်များမှ လွဲ၍ ထုတ်ဝေသူ တတိယထောင်စုနှစ် အမှုတော်များ အင်ကော်ပိုရိတ်တက် 316 Live Oaks Blvd., Casselberry, Florida 32707 ၏ စာဖြင့် ရေးသား ခွင့်ပြုထားချက် မပါရှိဘဲ မည်သည့် ပုံစံ၊ မည်သည့် နည်းလမ်းဖြင့် ဖြစ်စေ အမြတ်အစွန်း ရရန် အလို့ငှာ ကူးယူ၊ ပွားများခြင်း မပြုရပါ။

တစ်နည်းနည်းနှင့် မပြထားလျှင် ကျမ်းအကိုးအကား အားလုံးသည် Good News Publishers ၏ အမှုတော်တစ်ခုဖြစ်သော Crossway ၏ 2001 ခုနှစ် ထုတ် ESV (English Standard Bible) သမ္မာကျမ်းစာ မှ ဖြစ်ပါသည်။ ခွင့်ပြုချက်ဖြင့် အသုံးပြုထားပါသည်။ မူပိုင်ခွင့် အားလုံး ကန့်သတ်ထားပြီး ဖြစ်ပါသည်။

## သာ့ဒ်မစ်လ် အကြောင်း

၁၉၉၇ ခုနှစ်တွင် တည်ထောင်ခဲ့သော သာ့ဒ်မစ်လ် သည်အမြတ်အစွန်းကို အဓိက မထားသော ဧဝံဂေလိ ခရစ်ယာန် အမှုတော် တစ်ခု ဖြစ်ပါသည်။ သာ့ဒ်မစ်လ်က ပေးအပ်ရန် ရည်စူးထားသည်မှာ-

ကမ္ဘာကြီးအတွက် အခမဲ့ သမ္မာကျမ်းစာ ပညာရေး

ကျွန်ုပ်တို့၏ ပန်းတိုင်မှာ ကမ္ဘာတလွှားရှိ အမှုတော်အတွက် လုံလောက်သော လေ့ကျင့်ရည် ချို့တဲ့ ကင်းမဲ့သည့် သင်းအုပ်နှင့် ခရစ်ယာန် ခေါင်းဆောင် ထောင်ပေါင်း များစွာအား အခမဲ့ ခရစ်ယာန် ပညာရေးကို ပေးကမ်းရန် ဖြစ်ပါသည်။ ပြိုင်ဖက်ကင်းသော မီဒီယာစုံသင် စာသင်တိုက် သင်ရိုးကို အင်္ဂလိပ်၊ အာရဘစ်၊ တရုတ်၊ ရုရှ နှင့် စပိန် ဘာသာစကားများဖြင့် ထုတ်လုပ်ပြီး ကမ္ဘာ အနှံ့ ဖြန့်ဝေခြင်း အားဖြင့် ဤပန်းတိုင်ကို ကျွန်ုပ်တို့ ဖြည့်ဆည်းနေပါသည်။ ကျွန်ုပ်တို့၏ သင်ရိုးကို ကျွန်ုပ်တို့၏ မိတ်ဖက် အမှုတော်များအားဖြင့် အခြားသော ဘာသာစကား တစ်ဒါဇင်ကျော်သို့ ပြန်ဆိုလျက် ရှိပါသည်။ သင်ရိုးတွင် ရုပ်ပုံများက ထိန်းကျောင်းသော ဗီဒီယိုများ၊ ပုံနှိပ်ထားသော ညွှန်ကြားချက်များ နှင့် အင်တာနက် အရင်းအမြစ်များ ပါဝင်ပါသည်။ ၎င်းကို ကျောင်းများ၊ အုပ်စုများ၊ တစ်ဦးချင်း ပုဂ္ဂိုလ်များ၊ အွန်လိုင်းတွင်သာမက သင်ယူလေ့လာသော လူ့အဖွဲ့အစည်းများတွင်ပါ အသုံးပြုနိုင်အောင် ပုံစံဆွဲထားပါသည်။

နှစ်ပေါင်းများစွာအတွင်း အကောင်းဆုံး ပါဝင် ပစ္စည်းနှင့် အရည်အသွေး ရှိသော ဆုရ မီဒီယာစုံသင် သင်ခန်းစာများကို အလွန်ပင် တွက်ချေကိုက်စွာ ပြုစုထုတ်လုပ်ပေးသည့် နည်းစနစ်တစ်ခုကို ကျွန်ုပ်တို့ တိုးတက်ဖွံ့ဖြိုးလာစေခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ စာရေးသူများနှင့် အယ်ဒီတာများသည် ဓမ္မပညာပိုင်းဆိုင်ရာ လေ့ကျင့်မှု ရှိထားပြီးသော ပညာပေးသူများ ဖြစ်ပါသည်။ ကျွန်ုပ်တို့၏

ဘာသာပြန်ဆိုသူများသည်လည်း သူတို့၏ ဦးတည် ဘာသာစကားများ၌ ဓမ္မပညာပိုင်းဆိုင်ရာ ကျွမ်းကျင်လိမ္မာသော ဒေသစကားပြောသူများ ဖြစ်ကြပါသည်။ ကျွန်ုပ်တို့၏ သင်ခန်းစာများတွင်လည်း ကမ္ဘာတလွှားမှ ထောင်ပေါင်းများစွာသော ဂုဏ်အသရေ ရှိ စာသင်တိုက် ပါမောက္ခများနှင့် သင်းအုပ်ဆရာများ၏ ထိုးထွင်းအမြင်များ ပါဝင်ပါသည်။ ဖြည့်စွက်ပြောရလျှင် ကျွန်ုပ်တို့၏ ရုပ်ပုံ ဒီဇိုင်နာများ၊ ပန်းချီဆရာများ၊ ထုတ်လုပ်သူများသည် လုံး၀ဥသုံ ခေတ်မီသော ကရိယာများနှင့် နည်းလမ်းများကို သုံး၍ အမြင့်ဆုံး ထုတ်လုပ်မှု ဆိုင်ရာ စံနှုန်းများကို လိုက်နာထားပါသည်။

ကျွန်ုပ်တို့၏ ဖြန့်ချိရေး ဆိုင်ရာ ပန်းတိုင်များကို ပြီးမြောက်ရန် အတွက် သာ့ဒ်မစ်လ် အနေဖြင့် အသင်းတော်များ၊ စာသင်တိုက်များ၊ ကျမ်းစာကျောင်းများ၊ သာသနာပြုများ၊ ခရစ်ယာန် အသံလွှင့်သူများ၊ ဂြိုလ်တု ရုပ်မြင်သံကြား ဝန်ဆောင်မှုပေးသူများ၊ အခြားသော အဖွဲ့အစည်းများနှင့် မဟာဗျူဟာကျသော မိတ်ဖက်ဖြစ်မှုကို အခိုင်အမာ ပြုလုပ်ထားပါသည်။ ဤ ဆက်နွယ်မှုများကြောင့် ဒေသခံခေါင်းဆောင်များ၊ သင်းအုပ်ဆရာများ၊ စာသင်တိုက် စာသင်သားများသို့ ဗီဒီယို သင်ခန်းစာ အမြောက်အများကို ဖြန့်ဝေပေးနိုင်ခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက်များ သည်လည်း ဖြန့်ချိရေး လမ်းကြောင်းများ အဖြစ် အသုံးတည့်နေသလို သင်၏ ကိုယ်ပိုင် လေ့လာသင်ယူလူ့အဖွဲ့အစည်းကို မည်သို့ စတင်ရမည် ဆိုသည်နှင့် သက်ဆိုင်သည့် သင်ခန်းစာ ပစ္စည်းများ အပါအဝင် ကျွန်ုပ်တို့၏ သင်ခန်းစာများကို ထပ်ဆောင်းဖြည့်ဆည်းပေးရန် အတွက် နောက်ထပ် လိုအပ်သော ပစ္စည်းများကိုလည်း ပေးကမ်းပါသည်။

သာ့ဒ်မစ်လ်ကို အိုင်အာရ်အက်စ်က ကော်ပိုရေးရှင်း 501 C (3) အဖြစ်ဖြင့် အသိအမှတ်ပြုထားပါသည်။ ရက်ရောသည့် အသင်းတော်များ၏ အခွန်လွတ်ငြိမ်းခွင့် ရထားသည့် အလှူငွေများ၊ ဖောင်ဒေးရှင်းများ၊ စီးပွားရေး လုပ်ငန်းများနှင့် တစ်ဦးချင်း ပုဂ္ဂိုလ်များအပေါ်တွင် ကျွန်ုပ်တို့ အမှီပြုပါသည်။ ကျွန်ုပ်တို့၏ အမှုတော် အကြောင်း ပိုမိုသိရှိရန်နှင့် သင်မည်သို့ ပါဝင်နိုင်ကြောင်း လေ့လာရန် ကျေးဇူး ပြု၍ www.thirdmill.org သို့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

# မာတိကာ


နိဒါန်း ........ 1

နောက်ခံသမိုင်း ........ 1

**လူများ** ........ 2

ဖိလေမုန် ........ 2

သြနေသိမ် ........ 4

သက်သေများ ........ 6

**ပြဿနာ** ........ 7

**ဖျန်ဖြေပေးခြင်း** ........ 10

သြနေသိမ်၏အသနားခံခြင်း ........ 10

ပေါလု၏သဘောတူညီချက် ........ 11

ဖွဲ့စည်းပုံနှင့် အကြောင်းအရာ ........ 14

**နှုတ်ဆက်ခြင်း (ဖိလေမုန် ၁-၃)** ........ 15

**ကျေးဇူးတော်ချီးမွမ်းခြင်း (ဖိလေမုန် ၄-၇)** ........ 15

**ပေါလု၏အသနားခံခြင်း (ဖိလေမုန် ၈-၂၁)** ........ 17

ထောက်ခံအားပေးသူ ပေါလု (ဖိလေမုန် ၈-၁၀) ........ 18

အသနားခံသူသြနေသိမ် (ဖိလေမုန် ၁၁-၁၃) ........ 19

သခင်ဖြစ်သောဖိလေမုန် (ဖိလေမုန် ၁၄) ........ 21

ဘုရားသခင်သည် အုပ်စိုးရှင် (ဖိလေမုန် ၁၅၊ ၁၆) ........ 23

အသနားခံခြင်းနှစ်ပိုင်း (ဖိလေမုန် ၁၇-၂၀) ........ 24

ယုံကြည်စိတ်ချမှု (ဖိလေမုန် ၂၁) ........ 29

နောက်ဆုံးနှုတ်ဆက်ခြင်း (ဖိလေမုန် ၂၂-၂၅) ........ 30

မျက်မှောက်ခေတ်ကျင့်သုံးမှု ........ 30

**တာဝန်ခံမှု** ........ 31

**ကရုဏာ** ........ 34

သနားကြင်နာခြင်း ........ 35

အသနားခံခြင်း ........ 36

**ရင်ကြားစေ့ရေး** ........ 37

နိဂုံး ........ 40





ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သဘာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

# နိဒါန်း

ကျွန်ုပ်တို့အများစုသည် မိတ်ဆွေတစ်ဦး၏ကူညီပေးခြင်းကိုရရှိသင့်သည်ဟု ခံစားမိသည့်အချိန် မျိုးကြုံဖူးပေလိမ့်မည်။ ကျွန်ုပ်တို့သည် ကောင်းမွန်သောအရာတစ်ခုခု—လက်ဆောင်ပေးခြင်း သို့မဟုတ် အထူးနည်းလမ်းတစ်ခုဖြင့်ကူညီခဲ့ခြင်း—ကိုပြုလုပ်ပေးခဲ့သောကြောင့်ဖြစ်နိုင်ပါသည်။ ထို့နောက် ကျွန်ုပ်တို့အကူအညီပြန်လည်လိုအပ်သည့်အခိုက်အတန့် ရောက်လာပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့၏မိတ်ဆွေထံချဉ်းကပ်ပြီး "သင်ဤသို့ မလုပ်ဆောင်လိုသည်ကို သိပါသည်၊ သို့သော် သင်၏အကူအညီ ကျွန်ုပ်အမှန်တကယ်လိုအပ်ပါသည်။ ကျွန်ုပ်ကို သင့်အနေဖြင့်ကူညီပေးစေချင်ပါသည်ဟု ပြောမည်ဖြစ်သည်။ "တမန်တော်ပေါလုသည် အလားတူအခြေအနေမျိုးကို ပုံစံအမျိုးမျိုးဖြင့်ရင်ဆိုင်ခဲ့ရသည်။ သူသည် သူ၏မိတ်ဆွေဖိလေမုန်အတွက် များစွာလုပ်ဆောင်ခဲ့ပြီး၊ သူ့ထံမှကူညီပေးခြင်းကို လိုအပ်နေပါသည်။ ထို့ကြောင့် ပေါလုသည် ဖိလေမုန်အပေါ်သူမည်မျှလုပ်ဆောင်ခဲ့သည်ကို စာရေး၍အသိပေးပြီး၊ မိမိအားကျေးဇူးပြုသည့်အနေဖြင့် အခြားသူအားသနားကြင်နာခြင်းပြရန် တောင်းဆိုခဲ့သည်။

ဤသည်မှာ *ပေါလု၏အကျဉ်းထောင်သြဝါဒစာများ* အခန်းဆက်သင်ခန်းစာတွင် စတုတ္ထမြောက်သင်ခန်းစာဖြစ်ပြီး၊ "ပေါလုနှင့်ဖိလေမုန်သြဝါဒစာ"ဟုခေါင်းစဉ်တပ်ထားပါသည်။ ကောလောသဲမြို့ရှိ သူ၏မိတ်ဆွေဖိလေမုန်ထံ အကျဉ်းထောင်မှ ပေါလုရေးခဲ့သည့်ကျမ်းကို ကျွန်ုပ်တို့အနီးကပ်လေ့လာပါမည်။ ဤကျမ်းတွင်၊ ခရစ်တော်ကိုယုံကြည်လာသူ ဖိလေမုန်၏ကျွန် သြနေသိမ်နှင့် ဖိလေမုန်ပြန်လည်သင့်မြတ်ရန် ပေါလုသည်ဖိလေမုန်အား မေတ္တာရပ်ခံ၍ အသနားခံခဲ့သည်။

ပေါလုနှင့်ဖိလေမုန်သြဝါဒစာအားလေ့လာခြင်းကို အဓိကအပိုင်းသုံးပိုင်းခွဲထားသည်_ ဦးစွာ၊ ဖိလေမုန်သြဝါဒစာ၏နောက်ခံသမိုင်းကို ကျွန်ုပ်တို့ကြည့်ပါမည်။ ဒုတိယ၊ ဖိလေမုန်သြဝါဒစာ၏ ဖွဲ့စည်းပုံနှင့် အကြောင်းအရာကို ဆန်းစစ်ပါမည်။ တတိယ၊ ဤကျမ်း၏မျက်မှောက်ခေတ်ကျင့်သုံးမှုအပေါ် အာရုံစိုက်ပါမည်။ ဖိလေမုန်သြဝါဒစာ၏နောက်ခံသမိုင်းကို ဦးစွာကြည့်ကြပါစို့။

# နောက်ခံသမိုင်း

ဖိလေမုန်သြဝါဒစာသည် ပေါလု၏အခြားအကျဉ်းထောင်သြဝါဒစာများနှင့် အနည်းဆုံးနည်းလမ်းနှစ်ခုဖြင့် ကွဲပြားသည်။ တစ်နည်းမှာ၊ အကျဉ်းကျနေစဉ်အတွင်း ပေါလုရေးခဲ့သော အခြားကျမ်းများထက် သိသိသာသာ တိုပါသည်။ အဘယ်ကြောင့်ဆိုသော် ကျမ်းသည် ပြဿနာတစ်ခုတည်းကိုသာ တိုက်ရိုက်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဖော်ပြသောကြောင့်ဖြစ်သည်။ အခြားတစ်ဖက်တွင်၊ ၎င်းကျမ်းကိုအသင်းတော်တစ်ခု သို့မဟုတ် အသင်းတော်အုပ်စုထံသို့ရေးသားထားခြင်းမဟုတ်ဘဲ ဖိလေမုန်တစ်ဦးတည်းထံသို့သာ အဓိကရေးသားထားခြင်းကြောင့် ဖြစ်သည်။ ဤအကြောင်းကြောင့်၊ ပုဂ္ဂိုလ်ရေးဆိုင်ရာလေးနက်သည့်ကျမ်းဖြစ်ပါသည်။ ဆိုလိုသည်မှာ ဖိလေမုန်နှင့် ဤကျမ်းပါအခြားလူများအကြောင်း ကျွန်ုပ်တို့ပိုသိလေ၊ ပေါလုပြောခဲ့သောအခြေအနေများအကြောင်း ပိုသိလေ၊ ပေါလု၏တိကျသေချာသော သွန်သင်ချက်များကိုနားလည်ရန် ပိုမိုကောင်းမွန်စွာ ကျွန်ုပ်တို့ပြင်ဆင်ထားနိုင်မည်ဖြစ်သည်။ ထို့ပြင် ဤပုဂ္ဂိုလ်ရေးဆိုင်ရာကိစ္စရပ်များကို ယနေ့ကျွန်ုပ်တို့၏ဘဝတွင် ကျင့်သုံးရန် ပိုမိုကောင်းမွန်စွာပြင်ဆင်ထားနိုင်မည်ဖြစ်သည်။

ဖိလေမုန်ဩဝါဒစာ၏နောက်ခံသမိုင်းကို နည်းလမ်းသုံးခုဖြင့် လေ့လာပါမည်။ ဦးစွာ၊ ဖိလေမုန်ထံ ပေါလုရေးသားသော ပုဂ္ဂိုလ်ရေးဆိုင်ရာကိစ္စရပ်တွင် ပါဝင်ပတ်သက်သူများကို ဖော်ထုတ်ပါမည်။ ဒုတိယ၊ ဤကျမ်းတွင် ဖြစ်ပေါ်လာသောပြဿနာကို ကျွန်ုပ်တို့ကြည့်ရှုပါမည်။ တတိယ၊ ပြဿနာတွင် ပေါလု၏ပါဝင်ပတ်သက်မှုနှင့် ဖုန်ဖြေပေးမှုကို လေ့လာပါမည်။ ဤကိစ္စရပ်တွင် ပါဝင်ပတ်သက်သူများကို ဦးစွာအာရုံစိုက်ကြပါစို့။

## လူများ

ဖိလေမုန်ဩဝါဒစာတွင် လူများစွာကိုဖော်ပြထားသော်လည်း၊ ပေါလုအနေဖြင့် ဖိလေမုန်၏မျက်နှာသာပေးမှုကိုတောင်းဆိုရာ၌ တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်သောနည်းဖြင့် ပါဝင်ပတ်သက်နေသူများကို ကျွန်ုပ်တို့အာရုံစိုက်ပါမည်။ ပထမဦးစွာ၊ ဖိလေမုန်အား မိတ်ဆက်ပါမည်။ ဒုတိယ၊ ဖိလေမုန်၏ကျွန်ဩနေသိမ်ကိုလေ့လာပါမည်။ တတိယ၊ ဖိလေမုန်နှင့် ဩနေသိမ်တို့ကြား ပေါလု၏ပတ်သက်မှုအပေါ်သက်သေများအဖြစ် ပါဝင်ဆောင်ရွက်ခဲ့ကြသူများကို ကျွန်ုပ်တို့ဖော်ပြပါမည်။ ဤကျမ်းကို ပေါလုလိပ်မူ၍ရေးခဲ့သောသူ၊ ဖိလေမုန်အားလေ့လာခြင်းဖြင့် စတင်ကြပါစို့။

### ဖိလေမုန်

ဖိလေမုန်၏ဇာတိမြို့ကို ပေါလု၏ကျမ်းတွင် မဖော်ပြထားပါ။ သို့သော် ကောလောသဲဩဝါဒစာအခန်းကြီး ၄ အခန်းငယ် ၉ တွင်၊ ဖိလေမုန်၏ကျွန်ဩနေသိမ်သည် ကောလောသဲမြို့သားဖြစ်ကြောင်း ပေါလုဖော်ပြခဲ့သည်။ ၎င်းတွင် ပေါလုဤကဲ့သို့ရေးခဲ့သည်_

> သင်တို့အထဲကဖြစ်၍ သစ္စာရှိသော ငါချစ်သောညီဩနေသိမ်ကို၎င်း၊
> သင်တို့ဆီသို့ ငါစေလွှတ်၏ (ကောလောသဲ ၄:၈)။

ကောလောသဲဩဝါဒစာကိုရေးသားချိန်၌ ဩနေသိမ်သည် သူ၏သခင်ဖိလေမုန်နှင့်အတူ နေထိုင်ခဲ့သဖြင့်၊ ဖိလေမုန်သည်လည်း ကောလောသဲမြို့တွင် နေထိုင်ခဲ့ပေမည်။ ကောလောသဲမြို့သည် လောဒိကိမြို့နှင့် ဟေရပေါလိမြို့အနီးရှိ လစ်ကပ်စ်ချိုင့်ဝှမ်းတွင်တည်ရှိပြီး အတော်လေးသေးငယ်သောမြို့ဖြစ်



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

သည်။ လစ်ကပ်စ်ချိုင့်ဝှမ်းသည် ယခုမျက်မှောက်ခေတ်အာရှမိုင်းနားဟု လူသိများသော အာရှ၏ရောမပြည်နယ်အတွင်းရှိ ဖြုဂိပြည်တွင် တည်ရှိသည်။

ဖိလေမုန်ကိုယ်တိုင် ကောလောသဲမြို့ရှိ အခြားယုံကြည်သူများအား အလုပ်အကျွေးပြုခြင်းတွင် တက်ကြွစွာပါဝင်ပတ်သက်နေပုံရသည်။ ဥပမာ၊ ဖိလေမုန် ၇ တွင် ဖိလေမုန်သည် အခြားယုံကြည်သူများ၏စိတ်နှလုံးကို မေတ္တာဖြင့်သက်သာစေပုံကို ပေါလုဟောပြောခဲ့သည်။ ပေါလုသည် ဖိလေမုန်ကို အလွန်အထင်ကြီးခဲ့ကြောင်း အခန်းငယ် ၁၇ တွင်တွေ့ရပြီး၊ ဧဝံဂေလိဓမ္မအမှုတော်တွင် ဖိလေမုန်အား သူ၏လုပ်ဖော်ကိုင်ဖက်အဖြစ် ပြောဆိုခဲ့သည်။ အခန်းငယ် ၂ တွင်၊ ပေါလုသည် ဖိလေမုန်ကို ဒေသန္တရအသင်းတော်၏အိမ်ရှင်အဖြစ် သတ်မှတ်ခြင်းပင် ဖြစ်နိုင်သည်။ ယင်းအပြင်၊ ပေါလုနှင့် ဖိလေမုန်တို့ကြားတွင် ခိုင်ခံ့သောနှောင်ကြိုးထူထောင်ခဲ့သည့် သမိုင်းကြောင်းရှိပုံရသည်။ ဖိလေမုန် ၁၉ တွင်တွေ့ရသော ပေါလု၏သတိပေးချက်ကို သုံးသပ်ကြည့်ပါ_

> သင်၏ကိုယ်တည်းဟူသောကြွေးကိုပင်
> ငါ့အားဆပ်ပေးရသောအကြောင်းရှိသည်ဟု ငါမဆို (ဖိလေမုန် ၁၉)။

ဖြစ်နိုင်ခြေမှာ၊ ပေါလုသည် ခရစ်တော်ကိုယုံကြည်ခြင်းသို့ ဖိလေမုန်အား ပို့ဆောင်ခဲ့သည်ဟုဆိုလိုခြင်းဖြစ်သည်။ သို့သော်၊ သူသည် ဖိလေမုန်၏အသက်ကို တစ်နည်းတစ်ဖုံအားဖြင့် ကယ်တင်ခဲ့ခြင်းလည်း ဖြစ်နိုင်သည်။ မည်သို့ပင်ဖြစ်စေ၊ ဖိလေမုန်သည် ပေါလုအပေါ် ကြီးစွာသောအကြွေး တင်ခဲ့သည်။

၎င်းတို့၏ကောင်းမွန်သည့်ဆက်ဆံရေးကို ပေါလုအကျဉ်းထောင်မှလွတ်မြောက်ရန်အတွက် ဖိလေမုန်၏ဆုတောင်းချက်များနှင့် အကျဉ်းထောင်မှလွတ်လာပြီးနောက် ဖိလေမုန်နှင့် အတူနေထိုင်မည့် ပေါလု၏ အစီအစဉ်ကိုကြည့်ခြင်းအားဖြင့် ကျွန်ုပ်တို့တွေ့မြင်နိုင်သည်။ ဖိလေမုန် ၂၂ တွင် ဤသက်ရောက်မှုနှင့်ပတ်သက်သော ပေါလု၏နုတ်ကပတ်တော်များကို ကျွန်ုပ်တို့ဖတ်ရပါသည်_

> ထိုမှတပါး၊ ငါတည်းခိုစရာအရပ်ကိုလည်းပြင်လော့။ အကြောင်းမူကား၊
> သင်တို့သည် ဆုတောင်းပဌနာပြုသောအားဖြင့် သင်တို့ရှိရာသို့ ငါရောက်ရသော
> အခွင့်ကိုပေးတော်မူမည်ဟု မျှော်လင့်ခြင်းရှိ၏ (ဖိလေမုန် ၂၂)။

ဖိလေမုန်ကို ပေါလုမည်သို့သိကျွမ်းလာသည်ကို သမ္မာကျမ်းစာတွင် ဖော်ပြမထားပါ။ သို့သော်အစောပိုင်းသင်ခန်းစာများတွင် ကျွန်ုပ်တို့တွေ့ခဲ့ရသည့်အတိုင်း၊ တမန်တော်ဝတ္ထုတွင် ပေါလုသည် သူ၏ဒုတိယနှင့်တတိယသာသနာပြုခရီးများအတွင်း ဖြုဂိပြည်ကိုဖြတ်သွားခဲ့ကြောင်း ဖော်ပြထားသည်။ ကျွန်ုပ်တို့မြင်တွေ့ခဲ့သည့်အတိုင်း၊ ပေါလုသည် လစ်ကပ်စ်ချိုင့်ဝှမ်းရှိ အသင်းတော်များနှင့် မရင်းနှီးပါ။ ထို့ကြောင့်၊ အမှန်တကယ်တွင်၊ ပေါလုနှင့် ဖိလေမုန်သည် မည်သို့မိတ်ဆွေဖြစ်ခဲ့သည်ကို ကျွန်ုပ်တို့မသိပါ။ သို့သော် သူတို့တစ်ဦးနှင့်တစ်ဦးကောင်းကောင်းသိကြသည်ဟု ယုံကြည်မှုအပြည့်နှင့် ကျွန်ုပ်တို့ပြောနိုင်ပါသည်။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဖိလေမုန်ကိုမိတ်ဆက်ပေးပြီးနောက်၊ ကျွန်ုပ်တို့စဉ်းစားသင့်သော ဒုတိယလူမှာ ဖိလေမုန်၏ ကျွန်— ဂရိဘာသာဖြင့် *doulos* (*δοῦλος*)— "ကျွန်"သို့မဟုတ် "အစေခံ"ဟုလည်း ဘာသာပြန်နိုင်သော သြနေသိမ်ဖြစ်သည်။

## သြနေသိမ်

ကျွန်ုပ်တို့သည် ဓမ္မသစ်တွင်တွေ့ရသော ကျွန်ပြုခြင်း သို့မဟုတ် ကျွန်ဘဝအကြောင်းကိုဖတ်ရှုသောအခါ၊ ကုန်ပစ္စည်းပုံစံကျွန်ပြုခြင်းနှင့် မကြာခဏလွဲမှားပါသည်။ ၎င်းသည် မကြာသေးမီရာစုနှစ်များအတွင်း ဥရောပနှင့်မြောက်အမေရိကနှင့် တောင်အမေရိကတို့တွင်တည်ရှိခဲ့သော ကျွန်ပြုမှုပုံစံတစ်ခုဖြစ်သည်။ ဝမ်းနည်းစရာမှာ ယနေ့တိုင်ကမ္ဘာ့နေရာအချို့တွင် ကုန်ပစ္စည်းပုံစံကျွန်ပြုခြင်း ဆက်လက်ဖြစ်ပွားနေပါသည်။ ကုန်ပစ္စည်းပုံစံကျွန်ပြုခြင်းတွင်၊ ကျွန်များကို ၎င်းတို့၏လက်ရှိသားသမီးများနှင့် အနာဂတ်သားသမီးများကို တရားဝင်အကာအကွယ်အနည်းငယ်မျှသာရှိသော ပိုင်ဆိုင်မှုအဖြစ် ရောင်းဝယ်ကြသည်။ သို့သော် ဖိလေမုန်သြဝါဒစာကို ကောင်းစွာနားလည်ရန်၊ အနည်းဆုံး သီအိုရီအရသော်လည်းကောင်း၊ ပထမရာစုအတွင်း ရောမအင်ပါယာ၏ကျွန်ပြုခြင်းသဘောသဘာဝကို ကျွန်ုပ်တို့ ဆက်လက်လေ့လာရမည်ဖြစ်သည်။

ပထမရာစုအတွင်း ရောမအင်ပါယာတွင် ကျွန်ပြုခြင်း သို့မဟုတ် ကျွန်ဘဝသည် သာမန်ဖြစ်သည်။ အင်ပါယာ၏လူဦးရေသုံးပုံတစ်ပုံခန့်သည် ကျေးကျွန်အမျိုးအစားအမျိုးမျိုးဖြစ်သည်။ ကျွန်များကို အများအားဖြင့် ချမ်းသာသောပုဂ္ဂိုလ်များက ပိုင်ဆိုင်ကြပြီး၊ သူတို့၏အခြေအနေသည် ၎င်းတို့၏ပိုင်ရှင်များ၏လူမှုအခြေအနေပေါ်တွင် များစွာမူတည်သည်။ ရောမကျွန်များတွင် အချို့သည် ပညာမတတ်ဘဲ ယုတ်ညံ့သောအလုပ်များကို လုပ်ဆောင်ကြသော်လည်း၊ အချို့မှာ ပညာတတ်ကြသည်၊ အချို့မှာ၎င်းတို့၏ပညာရေးနှင့် လျော်ညီသည့် လွန်စွာမြင့်မားသောအမှုများကို ထမ်းကြသည်။ သူတို့သည် မိသားစု၏မန်နေဂျာများ၊ စာရင်းကိုင်များ၊ ကျူရှင်ဆရာများ သို့မဟုတ် လိုအပ်သည့်အရာအားလုံးနီးပါး ဖြစ်နိုင်သည်။

၎င်းသည်ကျွန်ခံခြင်းထက် လွတ်လပ်စွာနေရန် ယေဘုယျအားဖြင့် ပိုကောင်းသော်လည်း၊ ရောမအင်ပါယာရှိ ဆင်းရဲနွမ်းပါးသူများသည် နေ့စဉ်စားနပ်ရိက္ခာနှင့် အမိုးအကာလုံခြုံမှုရရှိရန် မိမိဆန္ဒအလျောက် ကျွန်အဖြစ် သို့မဟုတ် ကျွန်ဘဝသို့ ရောင်းစားလေ့ရှိကြောင်း သတိပြုသင့်သည်။ ကနဦးအသင်းတော်တွင် ခရစ်ယာန်အချို့သည်ပင် ဖျားနာသူများနှင့် ဆင်းရဲနွမ်းပါးသူများအတွက်ငွေရှာရန် မိမိကိုယ်ကိုကျွန်အဖြစ်သို့ ရောင်းစားလေ့ရှိကြောင်း သမ္မာကျမ်းစာပြင်ပ သမိုင်းမှတ်တမ်းများမှ ကျွန်ုပ်တို့သိရှိရသည်။

ထို့အပြင် ယေဘုယျအားဖြင့်ပြောရလျှင်၊ သခင်များ၏ ကျွန်များအပေါ်အခွင့်အရေးများသည် အကြွင်းမဲ့မဟုတ်ကြောင်း သိရန်အရေးကြီးပါသည်။ ရောမဥပဒေတွင် ကျွန်များကိုကိုယ်ပိုင်ငွေရှာရန်နှင့် ကိုယ်ပိုင်ဥစ္စာကို ပိုင်ဆိုင်ခွင့်ပေးထားသည်။ သူတို့တွင် ကိုယ်ပိုင်ကျွန်များပင်ရှိနိုင်ပြီး၊ သူတို့၏သခင်များထံမှ သူတို့၏ကိုယ်ပိုင်လွတ်လပ်ခွင့်ကို ဝယ်ယူနိုင်ပါသည်။ ဤအခွင့်အရေးများအပြင်၊ ဥပဒေအရပြဋ္ဌာန်း



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ထားခြင်း မရှိသော်လည်း၊ ကျွန်များသည် အသက်သုံးဆယ်ပြည့်သောအခါတွင် ၎င်းတို့၏ လွတ်လပ်မှုကို ရရှိနိုင်သည်။

> ဖိလေမုန်သြဝါဒစာကို အမှန်တကယ်နားလည်ရန်၊ ရောမခေတ်တွင် ကျွန်ပြုခြင်းခံရပုံနှင့်ပတ်သက်၍ ကောင်းစွာနားလည်သဘောပေါက်ရန် လိုအပ်သည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ပြုခြင်းနှင့်သက်ဆိုင်သည့် မျက်မှောက်ခေတ်ပုံစံသည် ရောမတွင် ရှိခဲ့သည့်ပုံစံနှင့် အလွန်ကွာခြားသည်ဟု ကျွန်ုပ်ထင်ပါသည်။ အမေရိကန်ပြည်တွင်းစစ်မတိုင်မီ အမေရိကန်တောင်ပိုင်းတွင် ကျွန်ပြုခြင်းခံခဲ့ရသည့် အခြားတိုင်းပြည်မှလူများသည် ၎င်းတို့၏ နေအိမ်များမှဖမ်းဆီးခံရခြင်း၊ မိသားစုများနှင့် ဝေးရာသို့ခေါ်ဆောင်သွားကာ ရက်စက်ကြမ်းကြုတ်သည့်ဘဝထဲ ရောင်းစားခြင်းခံရသကဲ့သို့ဖြစ်မည်ဟု ထင်မြင်ခြင်းသည် ကျွန်ုပ်တို့၏ပုံစံအပေါ် အလွန်လွှမ်းမိုးမှုရှိနေသည်ဟု ထင်ပါသည်...သို့သော် ရောမယဉ်ကျေးမှုတွင်၊ ကျွန်များသည် များသောအားဖြင့် မိသားစုတွင်ပညာတတ်များ ဖြစ်ကြသောကြောင့်၊ ကျွန်ပြုခြင်းတွင်များစွာ ကွာခြားသည်။ မိသားစုတွင် အခွင့်အာဏာနှင့် တာဝန်ရှိကြသည်။ ကျွန်အဖြစ် ကျွန်ုပ်တို့ထင်မြင်သည့်ဘဝနှင့် အလွန်ကွာခြားသောဘဝများ သူတို့၌ရှိကြသည်။ မကြာခဏဆိုသလို လူများသည် နေထိုင်ရန်အလို့ငှာအိမ်၊ ဘဝနှင့် ရှင်သန်ရန်အတွက် ဆန္ဒအလျောက် ကျွန်ပြုခြင်းခံယူလေ့ရှိကြသည်။ ထို့အပြင်၊ ရောမအင်ပါယာရှိလူများသည် ၎င်းတို့၏ကျွန်ဘဝမှလွတ်မြောက်ရန် အလွန်လွယ်ကူသည်—သေချာပေါက်လုပ်ဆောင်နိုင်သည်။
>
> **Dr Dan Lacich**

သြနေသိမ်သည် ဖိလေမုန်၏ကျွန် သို့မဟုတ် အစေခံဖြစ်သောကြောင့်၊ ဖိလေမုန်၏မိသားစုဝင်တစ်ဦးဖြစ်သည်။ သို့သော်၊ သူ၏သခင်နှင့်မတူဘဲ၊ သြနေသိမ်သည် အစောပိုင်းတွင် ယုံကြည်သူမဟုတ်ပါ။ အကြောင်းတစ်ခုခုကြောင့် သြနေသိမ်သည် ဖိလေမုန်၏အိမ်မှထွက်သွားပြီး ပေါလု၏အကူအညီကို ရယူခဲ့သည်။ တမန်တော်ပေါလုသည် သူ့အား ခရစ်တော်ကိုယုံကြည်လာစေပြီး၊ သူ့ကိုလေးနက်စွာ နှစ်သက်သဘောကျခဲ့သည်။ ပေါလုသည် ဖိလေမုန် ၁၀-၁၂ တွင် သြနေသိမ်ကို နှစ်သက်သဘောကျကြောင်း ဖော်ပြခဲ့သည်။

> ချည်နှောင်ခြင်းကိုခံစဉ်တွင် ငါဖြစ်ဘွါးစေသော သားတည်းဟူသော... သြနေသိမ်...သူ့ကို ငါ့ရင်သွေးကဲ့သို့မှတ်လျက် လက်ခံလော့ (ဖိလေမုန် ၁၀-၁၂)။

ပေါလုသည် သြနေသိမ်ကို သူ၏"ရင်သွေး"အဖြစ် ရည်ညွှန်းခဲ့ခြင်းမှာ၊ သူ့အားခရစ်တော်ကို ယုံကြည်လာစေပြီး၊ သူသည် သူ့အပေါ် ဖခင်မေတ္တာထားသောကြောင့် ဖြစ်သည်။

ဖိလေမုန်နှင့် သြနေသိမ်တို့အပြင်၊ ပေါလုသည် ဖိလေမုန်ထံ မေတ္တာရပ်ခံရာတွင် သူ့ကိုကူညီနိုင်သည်ဟုယူဆသည့် ရင်းနှီးသောသက်သေများစွာကိုလည်း ဖော်ပြခဲ့သည်။ ဤကောလောသဲယုံကြည်သူများတွင်အပ္ပိ၊ အာခိပ္ပုနှင့် ဧပေဖြတို့ပါဝင်ပြီး ၎င်းတို့တစ်ဦးစီသည် ဖိလေမုန်နှင့် ဆက်ဆံရေးရှိသည်။

## သက်သေများ

ပေါလုသည် ဖိလေမုန် ၁-၂ ကျမ်း၏လိပ်မူချက်တွင် အပ္ပိနှင့် အာခိပ္ပုကို ဖော်ပြခဲ့သည်။ ပေါလုရေးခဲ့သည်ကို နားထောင်ပါ_

> ယေရှုခရစ်နှင့်စပ်ဆိုင်သောအားဖြင့် အကျဉ်းခံရသော ငါပေါလုနှင့် ငါ့ညီတိမောသေသည်၊ ငါတို့ချစ်သော လုပ်ဘော်ဆောင်ဘက်ချင်းဖိလေမုန်၊ ငါတို့ချစ်သောနှမအပ္ပိ၊ ငါတို့စစ်သူရဲချင်း အာခိပ္ပုမှစ၍ သင်၏အိမ်၌ရှိသော အသင်းတော်ကို ကြားလိုက်ပါ၏ (ဖိလေမုန် ၁-၂)။

အပ္ပိကို ပေါလု၏"နှမ"အဖြစ်ဖော်ပြခြင်းသည် သူမသည် ယုံကြည်သူဖြစ်ကြောင်း ရိုးရှင်းစွာ ဖော်ပြခြင်းဖြစ်နိုင်သည်။ သို့သော် သူမသည် အသင်းတော်ရှိအခြားသူများနှင့် ခွဲခြားထားသောကြောင့်၊ ဖိလေမုန်၏မိသားစုဝင်တစ်ဦးဖြစ်နိုင်သည်—သူ၏ဇနီးဖြစ်နိုင်ချေပိုများသည်။ အာခိပ္ပုသည် ဒေသန္တရအသင်းတော်၏အိမ်ရှင်ဖြစ်နိုင်သော်လည်း၊ အသင်းတော်သည် ဖိလေမုန်၏အိမ်တွင်တွေ့ဆုံကြောင်း ဖော်ပြသည့်ကျမ်းပိုဒ်အဖြစ် ဤအခန်းငယ်ကိုဖတ်နိုင်သည်။ မည်သို့ပင်ဖြစ်စေ ကျမ်း၏သဘောသဘာဝအရ၊ သူ့အား အသင်းတော်၏သင်းအုပ် သို့မဟုတ် ဖိလေမုန်၏မိသားစုဝင်အဖြစ် ဖိလေမုန်အပေါ် လွှမ်းမိုးမှုရှိသူအဖြစ် ဖော်ပြသည့်သဘောရှိသည်။

ဧပေဖြနှင့်ပတ်သက်၍၊ သူသည် ကောလောသဲမြို့၌ အသင်းတော်တည်ထောင်ခဲ့သူဖြစ်ကြောင်း ဤအခန်းဆက်သင်ခန်းစာ၏ ယခင်သင်ခန်းစာများတွင်ဖော်ပြသည်ကို သင်မှတ်မိပါလိမ့်မည်။ သူသည် အကျဉ်းထောင်တွင်း၌ ပေါလုအားအလုပ်အကျွေးပြုရန် လစ်ကပ်စ်ချိုင့်ဝှမ်းရှိ အသင်းတော်များမှ စေလွှတ်ခံရသူလည်းဖြစ်သည်။ သူသည် ထိုအချိန်တွင် ပေါလုနှင့်အတူရှိနေသောကြောင့်၊ ကောလောသဲမြို့တွင် ဒေသခံသက်သေတစ်ဦးအဖြစ် မလုပ်ဆောင်နိုင်ပါ။ သို့သော် အသင်းတော်ရှိ သူ၏အခြေအနေသည် သူ၏ထင်မြင်ယူဆချက်ကို အထူးလေးစားစေသည်။ ထို့ကြောင့် ပေါလုသည် ဧပေဖြထံမှ အထူးနှုတ်ခွန်းဆက်ခြင်းကို ထည့်သွင်းခဲ့သည်။ ဖိလေမုန် ၂၃-၂၄ တွင်တွေ့ရသည့် ဤနုတ်ကပတ်တော်များကို နားထောင်ပါ_

> ယေရှုခရစ်ကြောင့် ငါနှင့်အတူ အကျဉ်းခံရသောဧပေဖြမှစ၍၊ ငါ၏ လုပ်ဘော်ဆောင်ဘက် မာကု၊ အာရိတ္တာခု၊ ဒေမ၊ လုကာတို့သည် သင့်ကို နှုတ်ဆက်ကြ၏ (ဖိလေမုန် ၂၃-၂၄)။

ဧပေဖြ၏နှုတ်ခွန်းဆက်စကားကို ပထမဦးစွာဖော်ပြထားပြီး၊ ၎င်းသည် အခြားသူများထက် ပိုရှည်ကာကွဲပြားသည်ကို သတိပြုပါ။ ဧပေဖြကို အလေးပေးဖော်ပြခြင်းက ဧပေဖြသည်နှုတ်ဆက်ခြင်းထက်မက

ပိုလုပ်ဆောင်နေကြောင်း ဖိလေမုန်ကိုသိစေပါသည်၊ ပေါလု၏ကျမ်းအား ဖိလေမုန်သည် မှန်ကန်စွာ တုံ့ပြန်နိုင်စေရန်ကိုလည်း သူစိတ်ဝင်စားခဲ့သည်။

ပေါလု၏ကျမ်းအကြောင်းအရာနှင့် အနီးစပ်ဆုံးလူများကို မိတ်ဆက်ပေးပြီးနောက်၊ ကျွန်ုပ်တို့သည် ပြဿနာကို ဖော်ထုတ်ရန် အနေအထားတွင်ရှိနေပါသည်။ ပေါလု၏ကြားဝင်ဆောင်ရွက်မှုကို ဖြစ်စေသည့်တိုင် မည်သည့်အရာဖြစ်ပျက်ခဲ့သနည်း။

## ပြဿနာ

အချို့သော အလုပ်သမားများနှင့် ကျွန်များသည် အခြားသူများထက် အလုပ်ပိုကြိုးစားကြပြီး၊ အချို့မှာ အခြားသူများထက် ၎င်းတို့၏တာဝန်များကို ပိုမိုသစ္စာရှိစွာလုပ်ဆောင်ကြခြင်းသည် လျှို့ဝှက်ချက်မဟုတ်ပါ။ အကြောင်းအမျိုးမျိုးကြောင့်၊ အလုပ်မကြိုးစားသည့် အခြားကျေးကျွန်များနှင့် အလုပ်သမားများရှိသည်။ သူတို့သည် ၎င်းတို့၏တာဝန်များကို လက်ခံရန်ငြင်းဆိုကြပြီး၊ ၎င်းတို့၏ တာဝန်ဝတ္တရားများကို ကျေပွန်ရန် ပျက်ကွက်ကြသည်။ ဝမ်းနည်းဖွယ်မှာ၊ ဩနေသိမ်သည် ဤလူများထဲမှ တစ်ဦးဖြစ်ပုံရသည်။ ဩနေသိမ်မည်သည့်အရာပြုလုပ်ခဲ့သည်ကို ကျွန်ုပ်တို့သိပ်မသိကြသော်လည်း၊ သူသည် ပျင်းရိသူဖြစ်စေ၊ ပေါ့ဆသူဖြစ်စေ သို့မဟုတ် အန္တရာယ်ရှိသောသူဖြစ်စေ သူ၏ကျရှုံးမှုများသည် သူ၏သခင် ဖိလေမုန်အား အမျက်ဒေါသအလွန်ထွက်စေခဲ့ကာ ဩနေသိမ်သည်ပြစ်ဒဏ်တစ်မျိုးမျိုးကို ကြောက်ရွံ့ခဲ့သည်။ ထိုပြစ်ဒဏ်ကို ရှောင်ရန် ဩနေသိမ်သည် ဖိလေမုန်၏အိမ်မှ ထွက်ပြေးသွားခဲ့သည်။

ဖိလေမုန် ၁၁ တွင် ဩနေသိမ်အကြောင်းပြောသော ပေါလု၏နှုတ်ကပတ်တော်များကို သုံးသပ်ကြည့်ပါ_

> သင်သည် အထက်ကအသုံးမရသောသူ (ဖိလေမုန် ၁၁)။

ဤနေရာတွင် စကားလုံးများ၌ ဇတ်လမ်းတစ်ခုရှိသည်။ “ဩနေသိမ်”ဟူသောအမည်သည် အမှန်တကယ်အားဖြင့် ဂရိစကားလုံး *oninémi* (*όνίνημι*) မှ ဆင်းသက်လာပြီး၊ "အသုံးဝင်သော" သို့မဟုတ် “အကျိုးရှိသော”ဟု အဓိပ္ပာယ်ရသည်။ သို့သော် ပေါလုက ဩနေသိမ်သည်“အသုံးမဝင်” ကြောင်း ဤနေရာတွင် သက်သေပြခဲ့သည်—အထောက်အကူမပြု၊ အကျိုးပြုခြင်းမရှိသူ ဖြစ်သည်။ ဤစကားလုံးအသုံးအနှုန်းဖြင့်၊ ဩနေသိမ်သည် ဖိလေမုန်၏မိသားစုတွင် နေထိုင်သင့်သည့်အတိုင်း လိုက်လျောညီထွေ မနေထိုင်ခဲ့ကြောင်း ပေါလုသည်ဖိလေမုန်အား ပြောခဲ့သည်။ သာ၍ဆိုသည်မှာ၊ ဖိလေမုန် ၁၈ အရ၊ ဖိလေမုန်သည် ဩနေသိမ်ကြောင့် ကြီးမားသောငွေကြေးဆုံးရှုံးခဲ့ခြင်း ဖြစ်နိုင်သည်။ ပေါလု၏နှုတ်ကပတ်တော်များကိုနားထောင်ပါ_

> သူသည် သင်၌ပြစ်မှားခြင်း၊ ကြွေးတင်ခြင်း တစုံတခုရှိလျှင်၊
> ငါ့အတွက်အတာမှတ်လော့ (ဖိလေမုန် ၁၈)။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

အိမ်အစေခံများနှင့် ကျွန်များကြားတွင် သာမန်အဖြစ်များသော ရာဇဝတ်မှုဖြစ်သည့်၊ ဩနေသိမ်သည် ဖိလေမုန်ထံမှခိုးယူခဲ့ကြောင်း အနက်ပြန်သူများက နားလည်ကြသည်။ သို့သော် ဩနေသိမ်သည် အိမ်တွင်းအရင်းအမြစ်များကို ညံ့ဖျင်းစွာစီမံခန့်ခွဲခြင်း သို့မဟုတ် ဖိလေမုန်၏ပိုင်ဆိုင်မှုများကို ဖျက်ဆီးခြင်း သို့မဟုတ် ဆုံးရှုံးစေခြင်းကဲ့သို့သော အခြားနည်းလမ်းများဖြင့် ဖိလေမုန်အတွက် ဖြစ်စေနိုင်ပါသည်။ မည်သို့ပင်ဆိုစေကာမူ၊ ပေါလုသည် ဖိလေမုန်အနေဖြင့် ဩနေသိမ်အပေါ် စိတ်ဆိုးရန်အခွင့်အရေးရှိကြောင်းဝန်ခံခဲ့ပြီး၊ ဩနေသိမ်သည် ဖိလေမုန်ကိုကြောက်ရန် အကြောင်းပြချက်ကောင်းရှိပေမည်။ ရောမဥပဒေအရ၊ သခင်များသည် ကျွန်များကို ပြင်းထန်စွာ အပြစ်ပေးပိုင်ခွင့်ရှိသည်။ ဩနေသိမ်သည် ဖိလေမုန်၏အမျက်ဒေါသကို အလွန်စိုးရိမ်သဖြင့် ကြောက်လန့်၍ ထွက်ပြေးခဲ့သည်။ ပေါလုသည် ဖိလေမုန် ၁၅ တွင် ဤအခြေအနေအား ရည်ညွှန်းရေးသားခဲ့သည်–

> ထိုမှတပါး၊ သင်သည်သူ့ကို အစဉ်ရစေခြင်းငှါ၊ သူသည် သင်နှင့်ခဏကွာသွားသည်ဟု ဆိုစရာရှိ၏ (ဖိလေမုန် ၁၅)။

ဖိလေမုန်ကိုယ်တိုင်က ဩနေသိမ်ထွက်သွားရန် မရည်ရွယ်ခဲ့ဘဲ၊ ထွက်သွားခြင်းကို သဘောတူခြင်းမရှိသည်မှာ ထင်ရှားသည်။ သို့သော် သူ၏ထောက်ပံ့မှုတွင် ဘုရားသခင်သည် အခြေအနေကိုခွင့်ပြုရန် အပြုသဘောဆောင်သောအကြောင်းပြချက်ရှိကြောင်း ပေါလုအကြံပြုခဲ့သည်။ ဤခွဲခွာခြင်းကာလအားဖြင့်၊ ဘုရားသခင်သည် ဩနေသိမ်ကို ပြောင်းလဲစေသောကြောင့် ဖိလေမုန်အတွက် သူသည် ကြီးစွာသောအကျိုးကျေးဇူးဖြစ်လာခဲ့သည်။

ယခု၊ ရောမအင်ပါယာတွင် သူတို့၏သခင်မိသားစုများထံမှ ဤနည်းဖြင့်ထွက်ပြေးသွားသောကျွန်များသည် တရားခံပြေးများ မဟုတ်ပါ။ အကယ်၍သူတို့သည် ပြန်လာရန်မရည်ရွယ်ဘဲ ထွက်ပြေးပါက၊ တရားခံပြေးများဖြစ်ကြသည်။ သို့သော် ကျွန်များသည်၎င်းတို့၏သခင်များနှင့် ပြန်လည်သင့်မြတ်ရန်အတွက် ထောက်ခံအားပေးရန် သို့မဟုတ် ဖျန်ဖြေပေးသူကိုရှာဖွေရန်၊ ၎င်းတို့၏သခင်များကို ယာယီထားခဲ့ရန်လည်း ဥပဒေအရခွင့်ပြုထားသည်။ ဤအချက်ကို ရောမဥပဒေပညာရှင်အများက မှတ်တမ်းတင်ခဲ့သည်။ ဥပမာအားဖြင့်၊ဗီဗီယံနပ်စ် သည်အေဒီ ၉၈ နှင့် ၁၁၇ ကြားတွင် ရေးသားခဲ့သောစာတွင် ဤသို့ငြင်းခုံခဲ့သည်–

> ကျွန်တစ်ဦးသည် မိမိသခင်ကိုစွန့်၍ သူ၏မိခင်ထံသို့ပြန်လာပါက၊ သူသည် တရားခံပြေးဖြစ်မဖြစ်ကို မေးခွန်းထုတ်စရာဖြစ်သည်။ မိမိသခင်ထံ မပြန်ဘဲ မိမိကိုယ်မိမိပုန်းကွယ်ရန်ပြေးလျှင် တရားခံပြေးဖြစ်မည်။ သို့သော် သူ၏အမှားများကို မိခင်၏အသနားခံမှုကြောင့် ဖြေရှင်းနိုင်လျှင် သူသည် တရားခံပြေး မဟုတ်ပါ။

အလားတူပင်၊ ပထမရာစုအစောပိုင်းတွင်ရေးသားခဲ့သော Proculus တွင် ဤသို့ဆိုသည်–



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> [ကျွန်]သည်တရားခံပြေးမဟုတ်ပါ...၊ သူ့သခင်သည်သူ့ကို ကိုယ်ထိလက်ရောက် ဆုံးမမည်ကို သိရှိသဖြင့် သူ့ကိုယ်စားအသနားခံပေးနိုင်ရန် မိတ်ဆွေတစ်ဦးထံ မိမိကိုယ်ကို အပ်နှံသူဖြစ်သည်။

ဒုတိယရာစုနှောင်းပိုင်းတွင် ပေါလုသည် ဤမှတ်ချက်ကို ပေးခဲ့သည်_

> မိမိ၏အသနားခံမှုကိုရှာဖွေရန် သခင်၏မိတ်ဆွေတွင် မိမိကိုယ်ကိုအပ်နှံသော ကျွန်သည်တရားခံပြေးမဟုတ်ပါ။

ရောမဥပဒေတွင် ကျွန်များသည်၎င်းတို့ကိုယ်စား တစ်စုံတစ်ဦးထံ အသနားခံရန်ကြိုးစားနေသရွေ့ ၎င်းတို့၏သခင်များထံမှထွက်ပြေးရန် ခွင့်ပြုထားကြောင်း ဤတရားဝင်မှတ်ချက်များကဖော်ပြသည်။ ထို့ကြောင့်၊ သြနေသိမ်သည် သူ့အားထောက်ခံအားပေးရန်နှင့် ဖျန်ဖြေပေးသူအဖြစ် ဖိလေမုန်အား တောင်းဆိုပေးရန် ပေါလုထံ ထွက်ပြေးလာပါက၊ သူသည်တရားခံပြေးမဟုတ်ပါ။

> ဖိလေမုန်သြဝါဒစာနှင့်ပတ်သက်၍ ကျွန်ုပ်တို့နားလည်ထားရမည့်အချက် တစ်ခုမှာ၊ အမေရိကရှိ ဝရမ်းပြေးကျွန်ဥပဒေများအတွက် အခြေခံအုတ်မြစ် အဖြစ် ၎င်းကိုအသုံးပြုခဲ့ခြင်းပင်ဖြစ်သည်။ သြနေသိမ်ထွက်ပြေးသွားသည့် အခါ—သူသည် တစ်စုံတစ်ရာခိုးခဲ့သလော၊ အဘယ်ကြောင့် ထွက်ပြေးသနည်း— ထို့နောက်တစ်ဖန်၊ ဘုရားသခင်၏အချုပ်အခြာအာဏာ၌ သူသည် ပေါလုနှင့် ချိတ်ဆက်ခဲ့သည်။ ပေါလုသည် သူ့ကိုရင်သွေးဟုခေါ်သည်။ ပေါလုသည် သူ့ကိုယ်သူ သြနေသိမ်၏ဖခင်အဖြစ်မှတ်ယူခဲ့သည်။ သူသည် သြနေသိမ်ကို ခရစ်တော်ထံသို့ ပို့ဆောင်ခဲ့သည်။ သို့ဖြစ်၍ သူ့ကိုချည်နှောင်ထားဖို့ မလိုအပ်ပါ။ အကြောင်းမှာ အကယ်၍သူ့ကိုချည်နှောင်ထားပါက၊ ဖိလေမုန်သည်ခရစ်ယာန် တစ်ဦးဖြစ်၍ သြနေသိမ်ကိုလွှတ်ပေးလိမ့်မည် ဟူသောရည်ရွယ်ချက်ဖြင့် ဖိလေမုန်ထံသို့ စေလွှတ်မည်မဟုတ်။ ထို့ကြောင့် သူ့ကိုအတူခေါ်မထားပါ။ အကယ်၍သူ့ကိုခေါ်ထားပါက၊ ပုန်းအောင်းထားပြီး သူ့အားအခြားတစ်နေရာသို့ ခေါ်ဆောင်သွားမည်ဖြစ်သည်။

**Dr Thaddeus J. James, Jr.**

အချုပ်အားဖြင့်ဆိုရသော်၊ ဖိလေမုန်မိသားစု၏ကနဦးပြဿနာမှာ သြနေသိမ်သည် ရည်ရွယ်ချက်ရှိရှိ သို့မဟုတ် မရည်ရွယ်ဘဲ၊ ပေါ့ဆမှု၊ ပျင်းရိခြင်း သို့မဟုတ် ငြီးငွေ့မှုတို့ကြောင့် ဖိလေမုန်အား ဆုံးရှုံးမှုအချို့ဖြစ်စေခဲ့သည်။ ဤပြဿနာသည် သြနေသိမ်နှင့် ဖိလေမုန်တို့ကြားက တင်းမာမှုများနှင့် ပေါင်းစပ်သွားသည်။ ဤတင်းမာမှုတွင် ဖိလေမုန်၏ဒေါသ၊ သြနေသိမ်ကိုပြစ်ဒဏ်ပေးဆုံးမရန် ကြံရွယ်မှုနှင့် သြနေသိမ်၏ကြောက်ရွံ့မှုတို့ ပါဝင်သည်။ နောက်ဆုံးတွင်၊ ၎င်းသည် ဖိလေမုန်ထံမှ သြနေသိမ်၏



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ထွက်ပြေးခြင်းကို ဖြစ်စေခဲ့သည်။ သြနေသိမ်သည် တရားခံပြေးဖြစ်သည်ဟု ဖိလေမုန်အနေဖြင့် ယူဆခဲ့ပေမည်။ သို့သော် သြနေသိမ်၏စစ်မှန်သောစိတ်ရင်းကိုဆက်လက်မြင်ရသေးသည်။

ဖိလေမုန်သြဝါဒစာတွင်တွေ့ရသော လူများနှင့်ပြဿနာကိုဖော်ထုတ်ပြီးနောက်၊ ယခုကျွန်ုပ်တို့သည် ဖိလေမုန်နှင့် သြနေသိမ်တို့ကြား ပေါလု၏ဖျန်ဖြေမှုကို ကြည့်သင့်သည်။

# ဖျန်ဖြေပေးခြင်း

ပေါလု၏ဖျန်ဖြေပေးမှု၏အသွင်အပြင်နှစ်ခုကို ကြည့်ပါမည်။ ပထမ၊ ပေါလု၏ထောက်ခံအားပေးမှုကိုရရှိရန် သြနေသိမ်၏အသနားခံခြင်း၊ ဒုတိယ၊ သြနေသိမ်အားထောက်ခံအားပေးရန် ပေါလု၏သဘောတူညီခြင်းဖြစ်သည်။ ပေါလုထံ သြနေသိမ်၏အသနားခံခြင်းကို ဦးစွာကြည့်ကြပါစို့။

## သြနေသိမ်၏အသနားခံခြင်း

ထိုအချိန်တွင် ပေါလုသည် အကျဉ်းထောင်ထဲတွင် ရှိနေသည်။ အစောပိုင်းသင်ခန်းစာများတွင် ကျွန်ုပ်တို့ပြောခဲ့သည့်အတိုင်း၊ သူသည် ဆီဇာရီမာရီတီမာတွင် ရှိနေနိုင်သော်လည်း ရောမတွင်အကျဉ်းချခံရခြင်း ဖြစ်နိုင်သည်။ သို့သော် သူသည် ရောမမြို့သို့မဟုတ် ဆီဇာရီမာရီတီမာတွင်ဖြစ်စေ၊ ဖိလေမုန်နေထိုင်ရာကောလောသဲမြို့နှင့် အတော်အတန်ဝေးသည်။ ပညာရှင်အချို့၏အဆိုအရ၊ ဤအကွာအဝေးသည် ပေါလုအား ထောက်ခံအားပေးသူ သို့မဟုတ် ဖျန်ဖြေပေးသူအဖြစ်ရှာဖွေရန် သြနေသိမ်အတွက် အလွန်ကြီးမားလွန်းလှသည်။ ရလဒ်အနေဖြင့်၊ သြနေသိမ်သည် ဖိလေမုန်နှင့်ဝေးသောနေရာတွင် ဘဝသစ်တစ်ခုစတင်ရန်ရှာဖွေနေပြီး ပေါလုကို မတော်တဆတွေ့ခဲ့ခြင်းသာဖြစ်သည်ဟု သူတို့ကောက်ချက်ချကြသည်။

ဖိလေမုန်ထံမှထွက်ပြေးသောအခါ သြနေသိမ်၏တွေးတောမှုကို သမ္မာကျမ်းစာတွင်မဖော်ပြထားကြောင်း ကျွန်ုပ်တို့ဝန်ခံသင့်သည်။ အကျဉ်းထောင်ထဲတွင် ပေါလုကိုတွေ့ရန် သူမည်သို့ရောက်ရှိလာသည်ကိုလည်း မဖော်ပြထားပါ။ မည်သို့ပင်ဆိုစေကာမူ၊ သြနေသိမ်သည် သူ၏ထောက်ခံအားပေးသူအဖြစ် ပေါလုကိုရှာဖွေနေကြောင်း ညွှန်ပြနေသည့်အသေးစိတ်အချက်အလက်အချို့ရှိပါသည်။ တစ်နည်းအားဖြင့်၊ သြနေသိမ်သည် ပေါလုအကျဉ်းကျနေသည့်မြို့သို့ သွားခဲ့သည်။ ကောလောသဲအသင်းတော်က အကျဉ်းကျနေသည့်ပေါလုအပေါ် ဧပဖြ၏အမှုဆောင်မှုကို ကမကထပြုသည့်အတွက် ထိုနေရာတွင် ပေါလုရှိနေသည်ကို သူကောင်းစွာသိသည်။ ဤအကြောင်းနှင့်ပတ်သက်၍ ကောလောသဲ ၄:၁၂-၁၃ တွင် ပေါလုရေးသားခဲ့သည့် ဤနုတ်ကပတ်တော်များကိုဖတ်ရပါသည်_

> သင်တို့အထဲကဖြစ်သော ခရစ်တော်၏ကျွန်ဧပဖြသည် သင်တို့ကို နှုတ်ဆက်၏။
> သင်တို့သည် စုံလင်လျက်၊ ဘုရားသခင်၏ အလိုတော်ကို အကုန်အစင်
> လေ့ကျက်လျက် တည်ကြည်မည်အကြောင်း သူသည် သင်တို့အဘို့
> ကာလအစဉ်ကြိုးစား၍ ဆုတောင်းတတ်၏။ သင်တို့မှစ၍ လောဒိကိမြို့နှင့်



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သွာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> ဟေရပေါလိမြို့၌ရှိသော သူတို့အဘို့ သူသည် အလွန်စေတနာစိတ်
> အားကြီးသည်ဟု ငါသည်သူ၏သက်သေဖြစ်၏ (ကောလောသဲ ၄း၁၂-၁၃)။

သြနေသိမ်သည် ကောလောသဲမှဖြစ်ပြီး၊ သူ၏သခင်ဖိလေမုန်သည် ထိုအသင်းတော်၏ထင်ရှားသောအသင်းဝင်ဖြစ်သောကြောင့်၊ သြနေသိမ်သည် ပေါလုရှိရာအရပ်ကိုသိပြီး သူ့ကိုလိုက်ရှာရန် ကြံရွယ်နေပေမည်။ ထို့အပြင်၊ သြနေသိမ်သည် ပေါလုနှင့်မြို့၌တစ်ကြိမ်တွေ့ဆုံခြင်းရှိခဲ့သည်။ ပေါလုသည် လွတ်လပ်စွာမလှုပ်ရှားနိုင်အောင် နေအိမ်အကျယ်ချုပ်ဖြင့် အကျဉ်းချခံခဲ့ရသည်။ သို့ဖြစ်၍ သြနေသိမ်သည် သူ့ထံ မတော်တဆထွက်ပြေးရောက်ရှိခဲ့သည်ဟု စိတ်ကူးရန်ခက်ခဲသည်။ သြနေသိမ်သည် ပေါလုထံရည်ရွယ်ချက်ရှိရှိသွားခဲ့ခြင်း ဖြစ်နိုင်သည်။

နောက်ဆုံးတွင် ပေါလုသည် သြနေသိမ်အားချစ်မြတ်နိုးပြီးမှသာ ဖိလေမုန်ထံ စာရေးခဲ့သည်။ ဖိလေမုန်သြဝါဒစာတွင်၊ သူသည် သြနေသိမ်ကိုခရစ်ယာန်ဘာသာသို့ ကူးပြောင်းစေခဲ့ကြောင်း၊ သြနေသိမ်သည် အကျဉ်းထောင်ထဲတွင် ပေါလုအား အလုပ်အကျွေးပြုခဲ့ကြောင်းဖော်ပြသည်။ တစ်နည်းဆိုရသော်၊ သြနေသိမ်အနေဖြင့် ပေါလုအားသက်သေပြပြီးမှသာ ပေါလုသည်သြနေသိမ်ကိုကာကွယ်ပေးခဲ့သည်။ သြနေသိမ်သည် ပေါလုနှင့်အတူကြာမြင့်စွာနေခဲ့သည့်အတွက် ပေါလု၏ထောက်ခံအားပေးမှုကို အခိုင်အမာရရှိခဲ့ကာ၊ သူ့အခြေအနေသည် ပေါလု၏အကူအညီကိုရယူရန် အပြည့်အဝရည်ရွယ်ထားကြောင်း ညွှန်ပြသည်။

သူ၏ထောက်ခံအားပေးသူဖြစ်လာရန် ပေါလုကိုသြနေသိမ်၏အသနားခံခြင်းအားသုံးသပ်ပြီးနောက်၊ သခင်ဖိလေမုန်ရှေ့မှောက်တွင် သြနေသိမ်အား ခုခံကာကွယ်ရန် ပေါလု၏သဘောတူညီချက်ကိုကြည့်ရှုရန် ယခုကျွန်ုပ်တို့အသင့်ဖြစ်နေပြီဖြစ်သည်။

## ပေါလု၏သဘောတူညီချက်

ပေါလုသည် သြနေသိမ်နှင့်ဖိလေမုန်ကြား စေ့စပ်ညှိနှိုင်းပေးရန် ချက်ချင်းသဘောတူခဲ့သည် မဟုတ်ပါ။ နောက်ဆုံးတွင်၊ သြနေသိမ်သည် အကျိုးပြုခြင်းမရှိသောကျွန်တစ်ဦးဖြစ်ခဲ့ကာ၊ ဖိလေမုန်သည် ချစ်ခင်ဖွယ်ကောင်းသူတစ်ဦးဖြစ်သည်။ ဖိလေမုန်သည် သြနေသိမ်အား ပြစ်ဒဏ်ပေးဆုံးမရန် အခွင့်အရေးရှိသော်လည်း၊ သူ့အနေဖြင့် သြနေသိမ်ကိုမမျှတစွာ သို့မဟုတ် မတရားသဖြင့်ပြုလုပ်ရန် ကြံစည်ထားသည့်အရိပ်အယောင် မတွေ့ရပါ။ ဖိလေမုန်အနေဖြင့်သြနေသိမ်အားအပြစ်ပေးခြင်းသည် သူ၏လုပ်ပိုင်ခွင့်အတွင်းတွင် ရှိနေသည်။ ထို့ကြောင့်၊ ပေါလုသည် သြနေသိမ်ကိုကာကွယ်မည်ဆိုပါက၊ သူသည် သနားညှာတာမှုအတွက် မေတ္တာရပ်ခံရပေမည်။ သြနေသိမ်အတွက် သနားကြင်နာခြင်းကို မတောင်းဆိုမီ၊ သြနေသိမ်သည် စစ်မှန်စွာ နောင်တရကြောင်းကို ဦးစွာသဘောကျမှုရှိရပါမည်။

သြနေသိမ်ကိုထောက်ခံအားပေးရန် ကနဦးတွင်ပေါလု၏ တွန့်ဆုတ်နေခြင်းသည် လေးစားဖွယ်ကောင်းသည်။ နောက်ဆုံးတွင်၊ အပြစ်ပေးခံရမည်ကိုကြောက်သောကြောင့် အပြစ်ကျူးလွန်သူများကို ခွင့်လွှတ်ခြင်းသည် မိုက်မဲမှုဖြစ်ပေလိမ့်မည်။ ရောမ ၁၃:၄ တွင်အရပ်ဘက် အုပ်ချုပ်မှုကို ပေါလုဤသို့ မိန့်တော်မူကို သုံးသပ်ကြည့်ပါ_

> မင်းသည်ကား၊ သင်၏အကျိုးအလိုငှါ ဘုရားသခင်၏အစေခံဖြစ်၏။ မကောင်းသောအကျင့်ကိုကျင့်လျှင်၊ ကြောက်ခြင်းရှိစေလော့။ အကြောင်းမူကား၊ မင်းသည်အချည်းနှီးထားကို ဆောင်သည်မဟုတ်။ မကောင်းသောအကျင့်ကို ကျင့်သောသူတို့ကို အပြစ်တရားစီရင်၍ ရာဇဝတ်ပေးပိုင်သော သူတည်းဟူသောဘုရားသခင်၏ အစေခံဖြစ်သတည်း (ရောမ ၁၃း၄)။

ဤတူညီသောနိယာမသည် မိဘများနှင့်သားသမီးများကြား၊ သခင်များနှင့် ၎င်းတို့၏ကျေးကျွန်များကဲ့သို့သော ပထမရာစုရောမအင်ပါယာ၏လူမှုဖွဲ့စည်းပုံစသည့် အခွင့်အာဏာဆိုင်ရာဖွဲ့စည်းပုံများ ပါဝင်သည့် ဆက်ဆံရေးများတွင် ကျင့်သုံးသည်။ ဝိညာဉ်ရေးရာအခွင့်အာဏာရှိသူများသည် သင့်လျော်သောပြစ်ဒဏ်ပေးဆုံးမခြင်းကို လုပ်သင့်လုပ်ထိုက်သည့်အရာဖြစ်သောကြောင့် လုပ်ဆောင်ကြသည်။ ထို့ကြောင့်၊ ကျွန် သို့မဟုတ် အစေခံသည် သခင်၏မိတ်ဆွေထံ မေတ္တာရပ်ခံသောအခါ၊ လုပ်သင့်လုပ်ထိုက်ကြောင်းကို လုံလောက်စွာသဘောကျမှုမရှိလျှင် ထိုမိတ်ဆွေသည်သခင်ကို တောင်းဆိုခြင်းမရှိပါ။

နှိုင်းယှဉ်ရန်အလို့ငှာ၊ ရောမကျွန်တစ်ဦးသည် သူ၏သခင်၏မိတ်ဆွေထံ မေတ္တာရပ်ခံသည့် သမ္မာကျမ်းစာပြင်ပ သမိုင်းဝင်ဖြစ်ရပ်တစ်ခုကို သုံးသပ်ကြည့်ကြပါစို့။ အေဒီ ၁၁၁ မတိုင်မီတွင်၊ ရောမလွှတ်တော်အမတ် ငယ်ရွယ်သောပလင်နီသည် သူ၏မိတ်ဆွေ ဆာဘီနီယန်နပ်စ်အတွက် အလုပ်လုပ်သော ကျွန်ဘဝမှလွတ်လာသူတစ်ဦး၏ကိုယ်စား ဆာဘီနီယန်နပ်စ် သို့စာတစ်စောင်ရေးခဲ့သည်။ ဤစာကိုကျွန်ုပ်တို့သည်သမိုင်းတစ်လျှောက် ထိန်းသိမ်းထားခဲ့သည်။ ပလင်နီ၏စာမှ ဤကောက်နုတ်ချက်ကို နားထောင်ပါ_

> သင်ဒေါသအမျက်ထွက်ကြောင်းပြောခဲ့သည့် ကျွန်ဘဝမှလွတ်လာသူ သင်၏ကျွန်သည် ကျွန်ုပ်ထံသို့ရောက်လာပြီး၊ သင်ကဲ့သို့မှတ်ယူလျှက် ကျွန်ုပ်၏ခြေကိုဖက်တွယ်နေပါသည်။ သူသည်မျက်ရည်များဖြင့် ကျွန်ုပ်၏ အကူအညီကို တောင်းခံခဲ့သည်...သူ၏ စစ်မှန်သောသံဝေဂတရားသည် ကျွန်ုပ်အားယုံကြည်စေပါသည်။ သူသည် အမှားလုပ်ခဲ့သည်ကိုသိသောကြောင့် ပြုပြင်ပြောင်းလဲပြီဟု ကျွန်ုပ်ယုံကြည်ပါသည်... သူ၏ငယ်ရွယ်မှု၊ သူ၏မျက်ရည်များနှင့် သင်၏ ကြင်နာသောနှလုံးသားကို လိုက်လျောမှုအနည်းငယ်ပြုလုပ်ပါ၊ သူ့အား သို့မဟုတ် မိမိကိုယ်ကို ထပ်မံညှဉ်းဆဲခြင်း မပြုပါနှင့်။

ဩနေသိမ်ကဲ့သို့ပင်၊ ဤကျွန်ဘဝမှလွတ်လာသူ ဆာဘီနီယန်နပ်စ်သည် သူ့သခင်၏မိတ်ဆွေထံ အကူအညီတောင်းရန် ရောက်လာခဲ့သည်။ ပေါလုကဲ့သို့ပင်၊ ပလင်နီသည် ကျွန်ဘဝမှလွတ်လာသူ၏ နောင်တနှင့် ကောင်းသောရည်ရွယ်ချက်ကို သက်သေမပြမီအချိန်အထိ ဖျန်ဖြေပေးရန်သဘောမတူခဲ့ပါ။ ထို့ကြောင့်၊ ဩနေသိမ်သည် သူ၏ကောင်းမွန်သောရည်ရွယ်ချက်ကို တမန်တော်အား စည်းရုံးသိမ်းသွင်းရန် အစပိုင်းတွင် ပေါလုနှင့်အတူနေခဲ့သည်ဟု ယူဆနိုင်သည်။ ထိုအချိန်တွင် ပေါလုသည် ဩနေသိမ်အား



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဧဝံဂေလိတရားကို ဟောပြောခဲ့ပြီး၊ သန့်ရှင်းသောဝိညာဉ်တော်သည် သူ့အားခရစ်တော်ကို ယုံကြည်ခြင်းသို့ ပို့ဆောင်ပေးခဲ့သည်။ စစ်မှန်သောပြောင်းလဲခြင်းသည် အပြစ်များကိုနောင်တရခြင်း အစဉ်ဒွန်တွဲနေသောကြောင့်၊ ဖိလေမုန်ကို ပြစ်မှားခဲ့သည့်အတွက် ဩနေသိမ်သည် နောင်တရမိကြောင်း ကောက်ချက်ချနိုင်သည်။ ခရစ်တော်၌ သူ၏အသစ်တွေ့ရှိသောအသက်တာနှင့်အတူ ဩနေသိမ်သည် လူသစ်ဖြစ်လာပြီး၊ အကျဉ်းထောင်တွင်းရှိ တမန်တော်အား အလုပ်အကျွေးပြုရန် မိမိကိုယ်ကို အပ်နှံခဲ့သည်။ တစ်ဖန်ပေါလုသည် ဘုရားသခင်၏ ဤရင်သွေးအသစ်ကို လေးနက်စွာဂရုစိုက်ခဲ့ပြီး သားကဲ့သို့ ချစ်ခဲ့သည်။

> ဩနေသိမ်သည် "သူ၏နှလုံးသား" ဖြစ်သည်ဟု ပေါလုဆိုခဲ့သည်။ ပေါလု၏ ယုဒလူမျိုးနောက်ခံသမိုင်းကို ကျွန်ုပ်တို့နားလည်ရန်လိုသည်။ ယုဒလူတို့အတွက်၊ စိတ်နှလုံးသည် စိတ်ခံစားမှု၏နေရာ၊ တပ်မက်မှု၏နေရာ၊ ဖြစ်တည်မှု၏နေရာ၊ အသိဉာဏ်၏နေရာဖြစ်သည်။ သင်နှင့်ပတ်သက်သည့် အရာအားလုံးသည် စိတ်နှလုံးထဲတွင် ရောယှက်နေသည်...ထို့ကြောင့်၊ ဩနေသိမ်သည် သူ၏စိတ်နှလုံးဖြစ်သည်ဟု ပေါလုဆိုသောအခါ၊ ဩနေသိမ်အား သူမည်မျှချစ်ခင်ပါသနည်း။ ဩနေသိမ်သည် သူ့အတွက် မည်မျှအရေးကြီးသနည်း။ ခိုင်ခံ့သောနှောင်ကြိုးနှင့် ဆက်စပ်မှုရှိကြောင်း ဖိလေမုန်သိစေရန် သူသည် ဖိလေမုန်အား ထပ်မံပြောပြခဲ့သည်...၎င်းသည် သူတို့တည်ဆောက်ခဲ့သည့် နှလုံးသားချင်း ဆက်သွယ်မှုဖြစ်သည်။ ထို့ကြောင့် သူဤသို့ပြောတဲ့အခါ၊ ၎င်းသည်သားတစ်ယောက်အပေါ်ထားသော ဖခင်တစ်ဦး၏ ချစ်ခြင်းမေတ္တာနှင့်တူသည်။ ယင်းသည် ဩနေသိမ်နှင့် ပေါလုကြားတွင် ဖြစ်ပေါ် ခဲ့သော နက်နဲသောဆက်ဆံရေးဖြစ်သည်။
>
> **Dr Thaddeus J. James, Jr.**

ဩနေသိမ်သည် ပေါလု၏မျက်နှာသာပေးခြင်းကိုရရှိပြီးသည်နှင့် ဖိလေမုန်ထံသို့ ပြန်သွားခြင်းသည် သင့်လျော်ပါသည်။ ထို့ကြောင့်၊ ဩနေသိမ်သည် ပေါလု၏ထောက်ခံချက်ပေးစာကို ကိုင်ဆောင်ကာ ကောလောသဲမြို့သို့ ထွက်ခွာခဲ့သည်။ ဖိလေမုန်ဩဝါဒစာအရ၊ ဩနေသိမ်သည် တရားခံပြေးမဖြစ်ဘဲပေါလုနှင့်အတူ တရားဝင်နေနိုင်ပါသည်။ သို့သော် ကိုယ်ကျင့်တရားအရ၊ ၎င်းသည် အကောင်းဆုံးဖြေရှင်းချက်ဖြစ်မည် မဟုတ်ပါ။ ယင်းအစား၊ ချစ်ခြင်းမေတ္တာနှင့် ရင်ကြားစေ့ရေးဆိုင်ရာ ခရစ်ယာန်တန်ဖိုးများသည် ဩနေသိမ်အား ဖိလေမုန်ထံ ပြန်သွားရန် တောင်းဆိုခဲ့သည်။ ဖိလေမုန် ၁၂-၁၆ တွင် ပေါလုရေးခဲ့သောကျိုးကြောင်းဆင်ခြင်ပုံကို သုံးသပ်ကြည့်ပါ_

> ထိုသူကို သင့်ထံသို့ ငါပြန်စေသည်ဖြစ်၍၊ သူ့ကို ငါ့ရင်သွေးကဲ့သို့မှတ်လျက် လက်ခံလော့။ ...သူ့ကို ငါထားချင်သော်လည်း၊ သင်သည်ငါ၌ကျေးဇူးပြုရာတွင် အနိုင်ပြုရသကဲ့သို့မဟုတ်၊ အလိုအလျောက်ပြုစေချင်သောစိတ် ရှိသည်ဖြစ်၍၊ သင်၏အခွင့်မရှိလျှင် အလျှင်းမပြုလို။...ငါ၌အထူးသဖြင့် ချစ်သောညီ၊

> သင်၌ကား၊ ဇာတိအားဖြင့်၎င်း၊ သခင်ဘုရားအားဖြင့်၎င်း၊ သာ၍ချစ်သော ညီကဲ့သို့ရမည်ဟု ဆိုလိုသတည်း (ဖိလေမုန် ၁၂-၁၆)။

ပေါလုသည် ဩနေသိမ်ကို သူနှင့်အတူနေစေလိုသော်လည်း၊ ဖိလေမုန်ထံသို့ စေလွှတ်ခဲ့သည်။ သူသည် ဖိလေမုန်ထံမှ မည်သည့်ထောက်ထားစာနာမှုမှန်သမျှကိုမဆို မဖြစ်မနေလုပ်ရမည်ဟူ၍မဟုတ်ဘဲစေတနာအလျောက် ဖြစ်စေလိုသည်။ ဖိလေမုန်နှင့် ဩနေသိမ်တို့ကို ခရစ်တော်၌ညီအကိုများအဖြစ် ပေါင်းစည်းစေလိုသည်။ ဩနေသိမ်နောင်တရပြီး ဖိလေမုန်၏ခွင့်လွှတ်မှုကို တောင်းခံသည့် မျက်နှာချင်းဆိုင်တွေ့ဆုံမှုမှတစ်ဆင့် ၎င်းတို့၏ရင်ကြားစေ့ရေးသည် အကောင်းဆုံးဖြစ်လာကာ၊ ဖိလေမုန်သည် ဩနေသိမ်ကို ခွင့်လွှတ်လက်ခံလိမ့်မည်ဟု ပေါလုယုံကြည်ခဲ့သည်။ ပေါလု၏ ဖိလေမုန်ကို အလွန်ချစ်မြတ်နိုးသောခရစ်ယာန်တစ်ဦးအဖြစ် ချီးမြှောက်ခြင်းအပြင် ဩနေသိမ်အတွက် ကြီးမားစွာထောက်ခံအားပေးမှုကြောင့်၊ ဤရလဒ်ဖြစ်လာမည်ဟု ပေါလုမျှော်လင့်ထားပုံရသည်။

ကျွန်ုပ်တို့သည် ဖိလေမုန်ဩဝါဒစာ၏နောက်ခံသမိုင်းကို လေ့လာခဲ့ပြီးနောက်၊ ယခု၎င်း၏ဖွဲ့စည်းပုံနှင့် အကြောင်းအရာကိုလေ့လာရန် အဆင်သင့်ဖြစ်နေပြီဖြစ်သည်။ ဩနေသိမ်နှင့် ဖိလေမုန်ကြားစေ့စပ်ညှိနှိုင်းရန် ပေါလုအသုံးပြုသည့် တိကျသောမဟာဗျူဟာကို ကြည့်ကြပါစို့။

# ဖွဲ့စည်းပုံနှင့် အကြောင်းအရာ

ဖိလေမုန်ဩဝါဒစာသည် ပုံစံအမျိုးမျိုးဖြင့် ထူးခြားသည်။ တစ်ချက်မှာ၊ ၎င်းသည် သွန်သင်ခြင်းအပေါ် အာရုံမစိုက်သော ပေါလု၏တစ်ခုတည်းသော ကျမ်းဖြစ်သည်။ ဖိလေမုန်ဩဝါဒစာတွင်၊ ပေါလုသည် ဆရာအဖြစ်ထက် ထောက်ခံအားပေးသူနှင့် မိတ်ဆွေအဖြစ် ပို၍ရေးသားခဲ့သည်။ နောက်တစ်ချက်မှာ၊ အခြားကျမ်းတိုင်းနီးပါး၌ပေါလုသည် သူ၏တမန်တော်ဆိုင်ရာအခွင့်အာဏာအားဖြင့် တိုက်ရိုက်မေတ္တာရပ်ခံပြီး၊ သူ၏ညွှန်ကြားချက်အတိုင်း လုပ်ဆောင်ရန်အမိန့်ပေးသည်။ သို့သော် ဖိလေမုန်ဩဝါဒစာတွင်၊ ပေါလုသည် ဖိလေမုန်အပေါ် အမိန့်ပေးခြင်းမပြုရန် ထင်ရှားစွာရွေးချယ်ခဲ့သည်။ ယင်းအစား၊ ဧဝံဂေလိတရားအတွက် လုပ်ဖော်ကိုင်ဖက်တစ်ဦးအနေဖြင့် မေတ္တာရပ်ခံပြီး မျက်နှာသာပေးရန် သူ့ကိုတောင်းဆိုခဲ့သည်။ ထို့အပြင်၊ ဖိလေမုန်ဩဝါဒစာသည် ပေါလု၏ပုဂ္ဂိုလ်ရေးအဆန်ဆုံးကျမ်းဖြစ်သည်။ ပေါလုသည် ဩနေသိမ်နှင့် ဖိလေမုန်နှစ်ဦးစလုံးကို အလွန်အလေးထားကြောင်းဖော်ပြခဲ့ပြီး၊ ၎င်းတို့၏ခင်မင်ရင်းနှီးမှုအပေါ် အခြေခံ၍တောင်းဆိုခဲ့သည်။

အတိုချုပ်အားဖြင့် ဖိလေမုန်ဩဝါဒစာတွင်၊ နှိမ့်ချသောဘုရားသခင်၏လူတစ်ဦးသည် လုပ်ဆောင်မှု၊ တာဝန်ယူမှု၊ အခြားသူများကို တာဝန်ခံမှုနှင့် ခရစ်တော်၏မေတ္တာကို ဖော်ပြနေသည်ကို ကျွန်ုပ်တို့တွေ့မြင်ရသည်။ ထို့ကြောင့်၊ ဤကျမ်း၏အသေးစိတ်အချက်အလက်များကို ကျွန်ုပ်တို့ကြည့်ရှုသည့်အခါ၊ ပေါလု၏ခရစ်ယာန်သဘောထားများနှင့် လုပ်ရပ်များကို အထူးအာရုံစိုက်ပါမည်။ သူ၏အခြား



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

အကျဉ်းထောင်ဩဝါဒစာများတွင် သူသွန်သင်ခဲ့သည့် စံနှုန်းများစွာကို သူမည်သို့လက်တွေ့ကျင့်သုံးပုံကို မီးမောင်းထိုးပြပါမည်။

ဖိလေမုန်ဩဝါဒစာ၏ဖွဲ့စည်းပုံနှင့် အကြောင်းအရာဆိုင်ရာ ကျွန်ုပ်တို့၏ဆွေးနွေးချက်သည် ကျမ်း၏အကြမ်းဖျင်းဖော်ပြချက်အတိုင်းဖြစ်ပါမည်_

- အခန်းငယ် ၁-၃ တွင်နှုတ်ဆက်ခြင်းမှအစပြုပြီး၊
- ထို့နောက် အခန်းငယ် ၄-၇ တွင် ဖိလေမုန်အတွက် ပေါလု၏ ကျေးဇူးတော်ကို ချီးမွမ်းခြင်းနှင့်အတူ၊
- အခန်းငယ် ၈-၂၁ တွင် ဩနေသိမ်ကိုယ်စား ပေါလု၏အသနားခံခြင်း၊
- နောက်ဆုံးအနေနှင့် အခန်းငယ် ၂၂-၂၅ တွင် ပေါလု၏နောက်ဆုံးနှုတ်ခွန်းဆက်စကားဖြင့် နိဂုံးချုပ်ထားသည်။

အခန်းငယ် ၁-၃ ပါနှုတ်ဆက်ခြင်းကို ကြည့်ခြင်းဖြင့် စတင်ကြပါစို့။

## နှုတ်ဆက်ခြင်း (ဖိလေမုန် ၁-၃)

ပေါလုသည် ကျမ်း၏အဓိကရေးသားသူအဖြစ် နှုတ်ဆက်ခြင်းတွင်သတ်မှတ်ဖော်ပြပြီး၊ ထိုကျမ်းသည် တိမောသေထံမှရောက်ရှိလာကြောင်းလည်း ဖော်ပြထားသည်။ ၎င်းတွင် ကျမ်း၏အဓိကလက်ခံသူအဖြစ် ဖိလေမုန်ဟူသည့် အမည်လိပ်စာတစ်ခုပါရှိပြီး၊ ကျမ်းအတွက် သက်သေခံပေးမည့်သူ အများအပြားကိုလည်း ဖော်ပြထားသည်_ အပ္ပိ၊ အာခိပ္ပုနှင့် ဖိလေမုန်အသင်းသားအဖြစ်ပါဝင်သော ဒေသန္တရအသင်းတော်မှ ယုံကြည်သူများ စသည်တို့ဖြစ်သည်။

ပေါလုသည် ဖိလေမုန်အား ကြီးမားသောတောင်းဆိုမှုတစ်ခုပြုလုပ်နေကြောင်းနှင့် ဖိလေမုန်အတွက် ဤအရာကိုပြုလုပ်ရန် ခက်ခဲနိုင်ကြောင်း ပေါလုသိခဲ့သည်။ ထို့ကြောင့်၊ ဖိလေမုန်နှင့် ဩနေသိမ်ကြား ကိစ္စရပ်ကို လျှို့ဝှက်ထားရမည့်အစား၊ ပေါလုသည် ဩနေသိမ်အတွက် သူ၏ထောက်ခံချက်ကို သက်သေခံရန် ဖိလေမုန်၏အိမ်သူအိမ်သားများနှင့် အသင်းတော်ကိုဖိတ်ခေါ်ခဲ့သည်။ ယုံကြည်သူချင်းများ၏ စောင့်ကြည့်နေသောမျက်လုံးများစွာသည် ဖိလေမုန်အနေဖြင့်ဩနေသိမ်အပေါ်ပို၍ကြင်နာတတ်စေရန် တွန်းအားပေးလိမ့်မည်ဟု သူမျှော်လင့်ခဲ့သည်မှာ သေချာသည်။ နှုတ်ဆက်ခြင်းကို အတိုချုပ်ကောင်းချီးမင်္ဂလာပေးသည့် စံနှုတ်ခွန်းဆက်ပုံစံဖြင့် အဆုံးသတ်ထားသည်။

## ကျေးဇူးတော်ချီးမွမ်းခြင်း (ဖိလေမုန် ၄-၇)

နှုတ်ဆက်ခြင်းပြီးနောက်၊ အခန်းငယ် ၄-၇ တွင်ဖိလေမုန်အတွက် ပေါလု၏ ကျေးဇူးတော်ချီးမွမ်းခြင်းကို တွေ့ရှိရသည်။ ပေါလုသည် သူ၏ကျမ်းများ၌ဤအချက်တွင် ကျေးဇူးတော်ချီးမွမ်းခြင်းဆိုင်ရာကဏ္ဍတစ်ခုကို ယေဘုယျအားဖြင့် ထည့်သွင်းထားသည်။ ဤကျေးဇူးတော်ချီးမွမ်းခြင်းတွင် ပေါလုသည် အသင်းတော်အပေါ် ဖိလေမုန်၏ချစ်ခြင်းမေတ္တာကို အဓိကထားဟောပြောခဲ့ပြီး၊ ကောလောသဲရှိ သူ၏



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ယုံကြည်သူချင်းများအား ကောင်းချီးမင်္ဂလာပေးသည့်အတွက် ဖိလေမုန်အားကျေးဇူးတင်ခဲ့သည်။ ဖိလေမုန် ၅-၇ တွင် ပေါလုသည် ဖိလေမုန်အား ဤနုတ်ကပတ်တော်များဖြင့် ချီးမွမ်းခဲ့သည်_

> ငါ၏ဘုရားသခင့် ကျေးဇူးတော်ကို အစဉ်ချီးမွမ်း၍၊ သင့်အဘို့အလိုငှါ ဆုတောင်းပဌနာ ပြုလျက်နေ၏။...အချင်းငါ့ညီ၊ သင်သည် သန့်ရှင်းသူတို့၏ စိတ်နှလုံးကို သက်သာစေသောကြောင့်၊ သင်၏မေတ္တာကိုထောက်၍ ငါတို့သည် အလွန်ဝမ်းမြောက်ချမ်းသာခြင်းရှိ၏ (ဖိလေမုန် ၅-၇)။

ဤနေရာတွင် ကျွန်ုပ်တို့တွေ့မြင်ရသည့်အတိုင်း၊ ပေါလုသည် ဖိလေမုန်ပြုသောအမှုကို အတိအကျမပြောဘဲ၊ သန့်ရှင်းသူတို့ကို အလွန်ဝမ်းမြောက်ချမ်းသာစေသည်ဟု ဖော်ပြခဲ့သည်။ ဖိလေမုန်သည် ၎င်းတို့အား ငွေကြေးဆိုင်ရာသက်သာမှုရစေခြင်း သို့မဟုတ် ၎င်းတို့အတွက် အမှုဆောင်ရွက်ပေးခြင်း သို့မဟုတ် တစ်နည်းတစ်ဖုံအကျိုးပြုခဲ့ခြင်း ရှိပေမည်။ မည်သို့ပင်ဖြစ်စေ၊ ဖိလေမုန်သည် ၎င်းကို ကောင်းမွန်စွာနှင့် မေတ္တာအပြည့်ဖြင့် လုပ်ဆောင်ခဲ့သည်။ ဩနေသိမ်သည် အသင်းတော်၏တစ်စိတ်တစ်ပိုင်းဖြစ်လာသောကြောင့်၊ ဖိလေမုန်သည် သူ့အား အလားတူချစ်ခြင်းမေတ္တာကိုပြသမည်ဟု ပေါလုမျှော်လင့်ခဲ့သည်။ ဖိလေမုန်နှင့် ဩနေသိမ်ကြားရှိ အခြေအနေများကိုထောက်ရှု၍ ကောလောသဲ ၃:၁၂-၁၄ တွင် ပေါလု၏သွန်သင်ချက်ကို သုံးသပ်ကြည့်ပါ။ ရှင်ပေါလုရေးသည်မှာ

> ထို့ကြောင့် သင်တို့သည် ဘုရားသခင် ရွေးကောက်သောသူ၊ သန့်ရှင်းသောသူ၊ ချစ်အပ်သောသူ ကဲ့သို့၊ သနားစုံမက်ခြင်း၊ ကျေးဇူးပြုခြင်း၊ စိတ်နှိမ့်ချခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ စိတ်ရှည်ခြင်း...အချင်းချင်းသည်းခံ၍ အပြစ်ကို လွှတ်ကြလော့။ ခရစ်တော်သည် သင်တို့၏အပြစ်ကို လွှတ်တော်မူသကဲ့သို့၊ ထိုနည်းတူပြုကြလော့။ စုံလင်ခြင်းအဖွဲ့အစည်းတည်းဟူသော ချစ်ခြင်းမေတ္တာကို ထပ်၍ယူတင်ဝတ်ဆောင်ကြလော့။ (ကောလောသဲ ၃:၁၂-၁၄)။

ကောလောသဲမြို့ရှိ အသင်းတော်ထံပေးသော သူ၏ကျမ်းတွင်၊ ဘုရားသခင်သည် ချစ်၍ ခွင့်လွှတ်တော်မူကြောင်းကို ဖိလေမုန်အပါအဝင်ယုံကြည်သူအားလုံးကိုသတိရစေရန် ပေါလုဖော်ပြခဲ့သည်။ ထို့ပြင် အမှားပြုမိသောအခါ အချင်းချင်း စိတ်ရှည်သည်းခံပြီး၊ လျော်ကြေးပေးရန် တောင်းဆိုခြင်းထက် နစ်နာဆုံးရှုံးမှုများကို ခွင့်လွှတ်ခြင်းအားဖြင့်၊ တစ်ဦးကိုတစ်ဦး ဘုရားသခင်၏မေတ္တာကို ရောင်ပြန်ဟပ်ရန် သူတို့ကို အားပေးခဲ့သည်။

> ခွင့်လွှတ်ခြင်းသည် လူသားများ အထူးသဖြင့် ယုံကြည်သူများကို ဘုရားသခင် တောင်းဆိုသော အခက်ဆုံးသောအရာဖြစ်သည်။ ဘုရားသခင်၏ချစ်ခြင်း မေတ္တာကို ကျင့်သုံးခြင်းသည် သင်တို့ကိုစိတ်အနှောင့်အယှက် ဖြစ်စေသောသူများကိုခွင့်လွှတ်ရန် သင်တို့အားလှုံ့ဆော်ပေးသည့် အခြေခံအကျဆုံးသော လွှမ်းမိုးမှုတစ်ခုဖြစ်သည်။ အဘယ်ကြောင့်ဆိုသော်

> သူသည် သင်တို့ကိုချစ်တော်မူသကဲ့သို့ သင်တို့သည်ချစ်ပြီး၊ သင်တို့ကို ခွင့်လွှတ်တော်မူသည်နည်းတူ သင်တို့သည်ခွင့်လွှတ်သောကြောင့် ဖြစ်သည်။ သူသည် စေလွှတ်တော်မူခြင်းခံရသည့်အတိုင်း သင်တို့ကို စေလွှတ်တော်မူသည်။ ဤအရာအားလုံးသည် သမ္မာကျမ်းစာဆိုင်ရာ သာမန်အကြောင်းအရာများ ဖြစ်သည်။ ထို့ကြောင့်၊ သခင်ယေရှုသည် ခွင့်လွှတ်ခြင်း၌သင့်အား ပြခဲ့သည့်အရာသည် သင့်အနေဖြင့် အခြားသူများကို ကျေးဇူးတော်နှင့် သနားကြင်နာခြင်းဖြင့် ပြုပေးသောအရာဖြစ်သည်။
>
> **Dr Ramesh Richard**

ဤအထွေထွေသွန်သင်ချက်ကို ဖိလေမုန်နှင့် ဩနေသိမ်တို့အပေါ် ကျင့်သုံးသည်ကို မြင်ရန်မခဲယဉ်းပါ။ ကျွန်ုပ်တို့မြင်သည့်အတိုင်း၊ ဩနေသိမ်သည် ဖိလေမုန်ကို ပြစ်မှားခဲ့ပြီး၊ ပေါလုသည် ဤအရာ မှန်ကန်ကြောင်း အတည်ပြုခဲ့သည်။ သို့တိုင်၊ ဖိလေမုန်အနေဖြင့် ဩနေသိမ်ကို တစိုက်မတ်မတ်ချစ်ခြင်း မေတ္တာရှိရန်၊ အခြားယုံကြည်သူများအား သူပြသခဲ့သည့် အလားတူမေတ္တာကို ဩနေသိမ်အားလည်းပြသရန် ပေါလုတောင်းဆိုခဲ့သည်။ ဖိလေမုန်ကို သူခံစားရသောအမှားအတွက် စိတ်ရှည်သည်းခံရန်နှင့် ဩနေသိမ်ကိုအပြစ်ပေးမည့်အစား ခွင့်လွှတ်ရန် တောင်းဆိုခဲ့သည်။ ဖိလေမုန်၏ချစ်ခြင်းမေတ္တာကို အတည်ပြုခြင်းဖြင့်၊ သူ၏ဂုဏ်သိက္ခာ တသမတ်တည်းရှိရန်၊ သူ၏တရားမျှတသောအမျက်ဒေါသသည် ဩနေသိမ်ကိုချစ်သော မေတ္တာအပေါ် မလွှမ်းမိုးစေရန် ပေါလုတိုက်တွန်းအားပေးခဲ့သည်။

## ပေါလု၏အသနားခံခြင်း (ဖိလေမုန် ၈-၂၁)

နှုတ်ဆက်ခြင်းနှင့် ကျေးဇူးတော်ကို ချီးမွမ်းပြီးနောက်၊ ပေါလုသည် အခန်းငယ် ၈-၂၁ တွင် ဖိလေမုန်ထံ သူ၏အသနားခံချက်ကို တင်ပြခဲ့သည်။ အသနားခံခြင်းသည် ဖိလေမုန်ရှေ့မှောက်တွင် ဩနေသိမ်ကိုယ်စား ထောက်ခံအားပေးမှုဟုခေါ်သည့်၊ ကျမ်း၏ အဓိကရည်ရွယ်ချက်ကို ကိုယ်စားပြုသည်။ ကျွန်ုပ်တို့သည် အသနားခံခြင်းကို အစိတ်အပိုင်းခြောက်ခုအဖြစ် ခွဲထုတ်ကာ အသေးစိပ်လေ့လာပါမည်_ ပထမ အခန်းငယ် ၈-၁၀ တွင်ထောက်ခံသူအဖြစ် ရှင်ပေါလု၏ အခန်းကဏ္ဍကို ရှင်းလင်းချက်၊ ဒုတိယအခန်းငယ် ၁၁-၁၃ တွင်အသနားခံသူအဖြစ် ဩနေသိမ်၏အခန်းကဏ္ဍကိုရှင်းလင်းချက်၊ တတိယ အခန်းငယ် ၁၄ တွင် သခင်အဖြစ်ဖိလေမုန်၏ အခန်းကဏ္ဍကို ရှင်းလင်းချက်၊ စတုတ္ထ အခန်းငယ် ၁၅ နှင့် ၁၆ တွင်စကြဝဠာကို စီမံအုပ်ချုပ်သူအဖြစ် ဘုရားသခင်၏အခန်းကဏ္ဍကို ရှင်းလင်းချက်၊ ပဥ္စမအခန်းငယ် ၁၇-၂၀ တွင် ပေါလု၏အသနားခံခြင်းနှစ်ပိုင်း၊ ဆဌမ အခန်းငယ် ၂၁ တွင်သူ၏အသနားခံချက်ကို ဖိလေမုန်သည် ဖြည့်ဆည်းပေးမည်ဟု ပေါလု၏ယုံကြည်စိတ်ချသည့်ဖော်ပြချက် စသည်တို့ဖြစ်သည်။ ထောက်ခံအားပေးသူအဖြစ် ပေါလု၏အခန်းကဏ္ဍကို ရှင်းလင်းချက်ဖြင့် စတင်ကြပါစို့။

## ထောက်ခံအားပေးသူ ပေါလု (ဖိလေမုန် ၈-၁၀)

ဖိလေမုန် ၈-၁၀ မှပေါလု၏နှုတ်ကပတ်တော်များကို နားထောင်ပါ_

> ထိုကြောင့်၊ သင်သည်ပြုသင့်သောအမှုအရာကို ပညတ်ထားခြင်းငှါ၊ ငါသည် ခရစ်တော်အားဖြင့် အလွန်ရဲရင့်စရာ အခွင့်ရှိသော်လည်း၊ အသက်ကြီးသော ပေါလုတည်းဟူသော ယေရှုခရစ်ကြောင့် အကျဉ်းခံရသောသူ ဖြစ်လျက်ပင်၊ မေတ္တာအားဖြင့်သာ သင့်ကို တောင်းပန်ပါ၏။ ချည်နှောင်ခြင်းကိုခံစဉ်တွင် ငါဖြစ်ဘွါးစေသော သားတည်းဟူသော၊ (ဖိလေမုန် ၈-၁၀)။

ပေါလုသည် ခရစ်တော်၏တမန်တော်ဖြစ်သောကြောင့်၊ ဖိလေမုန်အား မှန်ကန်သောအမှုကို ပြုရန် အမိန့်ပေးပိုင်ခွင့်ရှိသည်။ သို့သော်ပေါလုသည် အခြေအနေ၏ ရှုပ်ထွေးမှုများကိုသိလျက်၊ ဖိလေမုန်၏စာနာမှုနှင့် စိုးရိမ်မှုတို့ကို တွန်းအားပေးသည့် နည်းလမ်းများဖြင့် ဖိလေမုန်ထံ ကျမ်းရေးခဲ့သည်။ ဤတွင်၊ ပေါလုသည် သူ့ကိုယ်သူ အားနည်းပြီး အကူအညီလိုအပ်နေသော သက်ကြီးရွယ်အို တစ်ဦးဖြစ်သည်ဟု ပြောခဲ့သည်။

အခြားကျမ်းများတွင်တွေ့ရသော ပေါလု၏ ပြင်းထန်သောအရေးအသားပုံစံနှင့် ရင်းနှီးကျွမ်းဝင်သူများအတွက်၊ သူ၏ အားနည်းချက်ကို ကိုးကားဖော်ပြခြင်းသည် ပုံမှန်မဟုတ်ဟု အနည်းငယ်ထင်ရပေမည်။ နောက်ဆုံးတွင်၊ ပေါလုက လူတို့သည် သူ၏အခွင့်အာဏာကိုလေးစားကာ သူ၏သွန်သင်ချက်ကိုနာခံရန် တောင်းဆိုလေ့ရှိသည်။ သူသည် ဖိလေမုန်ကို လှည့်စားရန် ကြိုးစားနေခြင်းလော။ မဟုတ်ပါ၊ ဤသည်မှာ ပေါလု၏ အခြားသောကျမ်းများတွင် သိပ်မတွေ့ရသော အခြားတစ်ဖက်ဖြစ်သည်။ ၂ ကောရိန္သု ၁၀:၁၀ တွင် ပေါလု၏ဤတစ်ဖက်ခြမ်းအကြောင်း ကောရိန္သုမြို့မှဝေဖန်ပြောဆိုမှုများကို နားထောင်ပါ_

> အကြောင်းမူကား၊ ထိုသူ၏စာသည် လေးလံသောစာ၊ တန်ခိုးနှင့် ပြည့်စုံသောစာဖြစ်၏။ ကိုယ်တိုင်ရှိလျှင်မူကား၊ သတ္တိမရှိသောသူ၊ အချည်းနှီးသောစကားကို ပြောသောသူဖြစ်သည်ဟုဆိုတတ်သောသူရှိ၏ (၂ ကောရိန္သု ၁၀:၁၀)။

ပေါလုသည် သူ၏ကျမ်းများတွင် သူ့ကိုယ်သူ အားမာန်ဖြင့်တင်ပြသောကြောင့် ဝေဖန်သူများသည် သူ့အားတိုက်ခိုက်ကြသော်လည်း၊ လူချင်းတွင်မူ နှိမ့်ချပြီးရှက်ကြောက်ကြလေသည်။ လူချင်းအားဖြင့်၊ ပေါလုသည် အလွန်နူးညံ့သိမ်မွေ့သူဖြစ်နိုင်သည်။ သို့သော် ဤအရာကြောင့် ကျွန်ုပ်တို့ မအံ့ဩသင့်ပါ။ နောက်ဆုံးတွင်၊ ပေါလုသည် မည်သည့်အချိန်တွင် အားမာန်သုံးရမည်ဖြစ်ပြီး၊ မည်သည့်အချိန်တွင် နှိမ့်ချရမည်ကို သိသော ခရစ်တော်ကဲ့သို့ဖြစ်ရန် အဆက်မပြတ်ကြိုးစားခဲ့သည်။ ဖိလိပ္ပိ ၂:၅-၈ တွင်တွေ့ရသော ပေါလု၏သွန်သင်ချက်ကို သုံးသပ်ကြည့်ပါ_



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> ယေရှုခရစ်၌ရှိသော ထိုစိတ်သဘောကို သင်တို့၌လည်း ရှိစေကြလော့။...မိမိအသရေကိုစွန့်၍ အစေခံကျွန်၏သဏ္ဍာန်ကို ယူဆောင်လျက်...လက်ဝါးကပ်တိုင်မှာ အသေခံခြင်းတိုင်အောင် အစေကျွန်ခံ၍ ကိုယ်ကိုကိုယ်နှိမ့်ချတော်မူ၏ (ဖိလိပ္ပိ ၂:၅-၈)။

ဘုရားသခင်လူ့ဇာတိခံယူသော ယေရှုခရစ်တော်သည် ခွန်အားကြီးသောဆရာဖြစ်သည်။ သို့သော်ကိုယ်တော်သည်ဖန်ဆင်းခြင်းအရာတို့ကို အုပ်စိုးခြင်းအလို့ငှါ၊ ယုတ်ညံ့သောရာဇဝတ်သား၏ကွပ်မျက်ခြင်းကိုခံယူသည့်တိုင် မိမိကိုယ်ကို နှိမ့်ချတော်မူခဲ့သည်။ ထို့ကြောင့်၊ ကိုယ်တော်၏တမန်တော်သည်တစ်ခါတစ်ရံတွင် ကြမ်းတမ်းခြင်းနှင့် အခြားအချိန်များတွင် နှိမ့်ချသိမ်မွေ့ခြင်း စသည့်အလားတူနည်းများဖြင့် ကိုယ်တော်ကိုအတုယူခြင်းသည် သင့်လျော်ပါသည်။

ပေါလုသည် ဖိလေမုန်ကိုဟန်ဆောင်နှိမ့်ချမှုဖြင့် လှည့်ဖြားရန်ကြိုးစားသည်ဟု ထင်စရာအကြောင်းမရှိပါ။ ပေါလုသည် တမန်တော်တစ်ဦးဖြစ်သည်။ သူဆန္ဒရှိလျှင်၊ ဖိလေမုန်၏နာခံမှုကို တောင်းဆိုနိုင်သည်။ ထိုသို့ပြုလျှင် ဖိလေမုန်သည် လိုက်နာပေလိမ့်မည်။ သို့သော် ပေါလုသည် ဖိလေမုန်အားအတင်းအကျပ်ခိုင်းစေခြင်းအားဖြင့်မဟုတ်ဘဲ၊ စစ်မှန်သောခရစ်ယာန်နူးညံ့သိမ်မွေ့ခြင်းနှင့် သနားကြင်နာခြင်းအားဖြင့် တုံ့ပြန်စေလိုခဲ့သည်။ ထို့ကြောင့်၊ ဖိလေမုန်၏စိတ်နှလုံးကိုမေတ္တာရပ်ခံခဲ့သည်။ ပေါလုသည် အကျဉ်းကျနေသော သက်ကြီးရွယ်အိုတစ်ဦးအနေနှင့်၊ အကျဉ်းထောင်ထဲတွင် သူ့ကိုအလုပ်အကျွေးပြုခဲ့ကာ ခရစ်တော်၌အသစ်ပြောင်းလာသော ဩနေသိမ်အပေါ် ညီအကိုအဖြစ် ကရုဏာရှိရန် တောင်းဆိုခဲ့သည်။ ဤရှုထောင့်မှနေ၍ ပေါလုသည် ဩနေသိမ်အတွက် သူ၏ထောက်ခံချက်ကို မိတ်ဆက်ခဲ့သည်။

## အသနားခံသူဩနေသိမ် (ဖိလေမုန် ၁၁-၁၃)

ဩနေသိမ်၏ထောက်ခံအားပေးသူအဖြစ် မိမိကိုယ်ကို မိတ်ဆက်ပြီးနောက်၊ ရှင်ပေါလုသည်အခန်းငယ် ၁၁-၁၃ တွင် အသနားခံသူဩနေသိမ်အကြောင်း ပြောဆိုခဲ့သည်။ ပေါလုသည် ဩနေသိမ်နှင့်သူ၏ဆက်ဆံရေးကို အသေးစိတ်ရှင်းပြခဲ့ပြီး ထိုဆက်ဆံရေးက ဖိလေမုန်ထံ ဩနေသိမ်၏အသနားခံခြင်းအား ယူဆောင်လာပုံကို ရှင်းပြခဲ့သည်။ ဖိလေမုန် ၁၁-၁၃ တွင် ပေါလုဤနှုတ်ကပတ်တော်များကိုရေးသားခဲ့သည်_

> သင်သည် အထက်ကအသုံးမရသောသူ၊ ယခုတွင် ငါနှင့်သင်သည် အသုံးရသောသူ ဩနေသိမ်အဘို့ ငါတောင်းပန်ပါ၏။...ဧဝံဂေလိတရားကြောင့် ချည်နှောင်ခြင်းကို ငါခံစဉ်တွင်၊ သူသည် သင်၏ကိုယ်စားငါ့ကို ပြုစုစေမည်အကြောင်း၊ သူ့ကိုငါထားချင်သော်လည်း (ဖိလေမုန် ၁၁-၁၃)။

ပေါလုဖော်ပြခဲ့သော ဩနေသိမ်သည် သူ့ထံသို့ ဦးစွာရောက်လာသည့် ဖျန်ဖြေပေးသူကိုတောင်းဆိုခဲ့သူနှင့် အလွန်ကွာခြားပါသည်။ ဩနေသိမ်သည် ဖိလေမုန်၏အိမ်တွင် တန်ဖိုးမရှိသူဖြစ်ကြောင်းသက်သေပြခဲ့သော်လည်း၊ သူသည် ခရစ်တော်ထံသို့ ပြောင်းလဲသွားခဲ့သည်။ သူသည် သူ၏အပြစ်များကို

နောင်တရပြီး သူ၏အသက်တာကို ပြုပြင်ခဲ့သည်။ သူသည် အကျဉ်းထောင်ထဲတွင် ပေါလုကိုစိတ်အား ထက်သန်စွာ ဂရုစိုက်ခြင်းဖြင့် သူ၏ကောင်းမွန်သည့်ယုံကြည်မှုကို ပြသခဲ့သည်။ ဖိလေမုန်သည် မေတ္တာရှိသောခရစ်ယာန်တစ်ဦးဖြစ်ကြောင်း ပေါလုသိသောကြောင့်၊ ဩနေသိမ်၏ခရစ်တော်ထံသို့ပြောင်းလဲခဲ့သည့်သတင်းသည် ဖိလေမုန်အားဝမ်းမြောက်စေမည်ဟု ယုံကြည်ခဲ့သည်။ ဖိလေမုန်သည် မိမိကိုပြစ်မှားသော အခြားခရစ်ယာန်မည်သူ့ကိုမဆို ခွင့်လွှတ်ပေးသကဲ့သို့ သူ၏ဒုစရိုက်များကိုလည်း ခွင့်လွှတ်ပေးနိုင်လိမ့်မည်ဟု သူမျှော်လင့်ခဲ့သည်။

ဩနေသိမ်၏ဤပြောင်းလဲမှုကို ပေါလုအလေးပေးဖော်ပြသော စကားလုံးအသုံးအနှုန်းကို ဖိလေမုန် ၁၁-၁၃ တွင်တွေ့ရသည်။ အထူးသဖြင့်၊ ဂရိအသုံးအနှုန်း *chrēstos* (*χρηστός*) အဓိပ္ပာယ်မှာ "အသုံးဝင်သော"ဖြစ်ပြီး၊ ၎င်းသည်"ခရစ်တော်" ဟူသော *Christos* (*Χριστός*) နှင့်ဆင်တူသည့်စကားလုံးကို သူသည်အသုံးပြုခဲ့သည်။ ဩနေသိမ်သည်"အသုံးမကျသောသူ"သို့မဟုတ် *achrēstos* (*ἄχρηστος*) ဖြစ်ခဲ့ပြီး၊ ဂရိရှေ့ဆက်ပုဒ် "*a*"၊ "မ...ပါ နှင့် *chrēstos*"မှ၊ တစ်ဖန် "အသုံးဝင်သောသူ"ဖြစ်လာသည်ဟု ပေါလုဝန်ခံခဲ့သည်။ ဆန့်ကျင်ဘက်အားဖြင့်၊ ပေါလုသည်ဩနေသိမ် *euchrēstos* (*εὔχρηστος*) ဟူသော အသုံးအနှုန်းကိုအသုံးပြု၍ "အသုံးဝင်သောသူ" ဖြစ်လာသည်ဟု ဖော်ပြခဲ့သည်။ ဤတွင်သူသည် ဂရိရှေ့ဆက်ပုဒ် *eu* "ကောင်းသော" သို့မဟုတ် "ကောင်းသည်"ဟုအဓိပ္ပာယ်ရသည့်စကားလုံးကို chrēstos တွင် အလေးပေးရန်ထည့်သွင်းခဲ့သည်။ စကားလုံးအသုံးအနှုန်းမှာဤသို့ဖြစ်သည်_ ဩနေသိမ်သည် "ခရစ်တော်ကိုမရရှိချိန်"သို့မဟုတ်*achristos* တွင် "အသုံးမဝင်သောသူ"သို့မဟုတ် *achrēstos* ဖြစ်ခဲ့သည်။ သို့သော် ခရစ်တော်ကို သူ၏သခင်အဖြစ်လက်ခံသောအခါတွင် သူသည် "အလွန်အသုံးဝင်သောသူ" *euchrēstos* ဖြစ်လာသည်။

ဩနေသိမ်သည် သူ၏လွန်ကျူးခြင်းအတွက်ပေးဆပ်ရန် စတင်လုပ်ဆောင်သည့်နည်းလမ်းများကိုလည်း ပေါလုထောက်ပြခဲ့သည်။ ပေါလုရေးခဲ့သည့်အတိုင်း၊ ဩနေသိမ်သည် အကျဉ်းထောင်ထဲတွင် ပေါလုအတွက် ဖိလေမုန်၏နေရာကို တာဝန်ယူခဲ့သည်။ ရှေးခေတ်ကာလတွင်၊ သခင်တစ်ဦးသည် အခြားသူတစ်ဦးအတွက် ကျွန် သို့မဟုတ် အစေခံတစ်ဦးအားငှားရမ်းပေးခြင်းသည် အထူးအဆန်းမဟုတ်ပါ။ သခင်သည် ငှားရမ်းသည့်ကာလတွင် အစေခံကျွန်၏အလုပ်မှန်သမျှကိုဆုံးရှုံးပြီး၊ ကျွန်ကိုငှားရမ်းထားသည့် မိတ်ဆွေမှာအကျိုးရှိသကဲ့သို့၊ ဤလုပ်ရပ်သည် မှန်ကန်သော လက်ဆောင်တစ်ခုဟု ယူဆခံရသည်။ အမှန်တကယ်တွင်၊ ဖိလေမုန်သည် ဩနေသိမ်အားဖြင့် ပေါလုအား အလုပ်အကျွေးပြုခဲ့သည်။ ထို့ကြောင့် ဩနေသိမ်သည် သူ့အတွက်သာမက ဖိလေမုန်အတွက်ပါ အသုံးဝင်လာသည်ဟု ပေါလုပြောခဲ့သည်။ ထို့ပြင်၊ ဖိလေမုန်သည် ဩနေသိမ်အပေါ်သနားညှာတာရန် အကြောင်းပြချက်များစွာရှိသေးသည်။

ဤအပိုင်း၏နောက်ဆုံးတွင်၊ ပေါလုသည် တုခိတ်နှင့်အတူခရီးထွက်ဖွယ်ရှိသဖြင့်၊ ဩနေသိမ်အနေဖြင့်ဖိလေမုန်ထံသို့ ပေါလု၏ကျမ်းကိုဆောင်သွားခြင်းဖြင့် ဖိလေမုန်ထံပြန်ပို့ခဲ့ကြောင်းလည်း ဖော်ပြခဲ့သည်။ ၎င်းကို ဖိလေမုန် ၁၂ တွင် ပေါလုဤသို့ရေးသားဖော်ပြထားသည်_

> ထိုသူကို သင့်ထံသို့ ငါပြန်စေသည်ဖြစ်၍၊ (ဖိလေမုန် ၁၂)။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

သြနေသိမ်သည် ဖိလေမုန်နှင့် ပြန်လည်သင့်မြတ်ရန်မျှော်လင့်ချက်ဖြင့် သနားကြင်နာခြင်းအတွက်အသနားခံရန် ကောလောသဲမြို့သို့ ပြန်လာခဲ့ပြီး၊ လွတ်မြောက်ခြင်းပင် ဖြစ်ကောင်းဖြစ်နိုင်သည်။ သြနေသိမ်သည် တရားခံပြေးမဟုတ်ပါ။ သူသည် ထောက်ခံအားပေးသူပေါလုအားတွေ့ရှိပြီး၊ သူ၏သခင်ဖိလေမုန်ကို တွေ့ဆုံရန် ပြန်လာခဲ့သည်။

## သခင်ဖြစ်သောဖိလေမုန် (ဖိလေမုန် ၁၄)

ပေါလုသည် ထောက်ခံအားပေးသူအဖြစ် သူ၏ကိုယ်ပိုင်အခန်းကဏ္ဍနှင့် အသနားခံသူအဖြစ် သြနေသိမ်၏အခန်းကဏ္ဍကို ဖော်ပြပြီးနောက်၊ အခန်းငယ် ၁၄ တွင် ဖိလေမုန်၏သခင်ဖြစ်ခြင်းအခန်းကဏ္ဍကို ဆက်လက်ပြောခဲ့သည်။ ဤတွင်၊ သြနေသိမ်အပေါ် ဖိလေမုန်၏တရားဝင်အခွင့်အာဏာကို ပေါလုအသိအမှတ်ပြုခဲ့သည်။ ဖိလေမုန်အား အမိန့်ပေးမည့်အစား မေတ္တာရပ်ခံရန် သူ၏ကိုယ်ပိုင်လှုံ့ဆော်မှုကိုလည်း ဖော်ပြခဲ့သည်။ ပေါလုသည် အောက်ပါနှုတ်ကပတ်တော်များကို ဖိလေမုန် ၁၄ တွင် ရေးသားခဲ့သည်_

> သင်သည်ငါ၌ ကျေးဇူးပြုရာတွင် အနိုင်ပြုရသကဲ့သို့မဟုတ်၊ အလိုအလျောက်ပြုစေချင်သောစိတ် ရှိသည်ဖြစ်၍၊ သင်၏ အခွင့်မရှိလျှင် အလျှင်းမပြုလို (ဖိလေမုန် ၁၄)။

ပေါလုသည် ဖိလေမုန်ကိုယ်တိုင် မှန်ကန်သောအရာကို လုပ်ဆောင်ရန် ရွေးချယ်စေလိုသည်။ ထို့ကြောင့်၊ သူ၏အသနားခံခြင်းသည် တမန်တော်၏မိန့်မှာချက်ကြောင့်မဟုတ်ဘဲ တောင်းဆိုချက်မှ ဖြစ်ပေါ်လာခြင်းဖြစ်ကြောင်း ရှင်းလင်းစွာဖော်ပြခဲ့သည်။ ဖိလေမုန်ထံ ဤနည်းဖြင့်ကျမ်းရေးရန် ပေါလု၏လှုံ့ဆော်မှုကဏ္ဍတိုင်းကို ကျွန်ုပ်တို့သေချာမသိနိုင်ပါ။ သူ့အနေဖြင့် ဖိလေမုန်အား မှန်ကန်သောအရာကို မှန်ကန်သောအကြောင်းပြချက်ဖြင့် လုပ်ဆောင်ခြင်းအားဖြင့် ကောင်းကင်ဆုလာဘ်များကို ရရှိစေလိုခြင်းဖြစ်နိုင်သည်။ ထို့ပြင် သူတို့နှစ်ဦးကြားစေတနာအလျောက် ပြန်လည်သင့်မြတ်ခြင်းသည် ခရစ်တော်တွင် မိမိတို့၏ညီအစ်ကိုချင်းဆက်ဆံရေးကို ပိုခိုင်မြဲစေမည်ဟုလည်း သူယူမှတ်ခဲ့ပေမည်။ သို့ရာတွင် ပေါလုသည် ဖိလေမုန်အား လေးစားမှုပြလိုပြီး၊ သံသယ၏အကျိုးကို ဖော်ပြလိုသည်မှာ ထင်ရှားပါသည်။ ထို့နောက်၊ ဖိလေမုန်သည် သြနေသိမ်ကို ကောင်းမွန်စွာဆက်ဆံခဲ့မည်ဆိုလျှင်၊ ၎င်းသည် ပေါလုနှင့် အသင်းတော်အတွက် ကြီးမားသောအားပေးမှုကို ရရှိစေမည်ဖြစ်သည်။ ဤသည်မှာ ဖိလေမုန် ၇-၉ တွင် ပေါလု၏အယူအဆဖြစ်သည်_

> အချင်းငါ့ညီ၊ သင်သည် သန့်ရှင်းသူတို့၏စိတ်နှလုံးကို သက်သာစေသောကြောင့်၊ သင်၏မေတ္တာကိုထောက်၍ ငါတို့သည် အလွန်ဝမ်းမြောက်ချမ်းသာခြင်းရှိ၏။ ထို့ကြောင့်၊ သင်သည်ပြုသင့်သောအမှုအရာကို ပညတ်ထားခြင်းငှါ၊ ငါသည် ခရစ်တော်အားဖြင့် အလွန်ရဲရင့်စရာ အခွင့်ရှိသော်လည်း၊ အသက်ကြီးသော



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> ပေါလုတည်းဟူသော ယေရှုခရစ်ကြောင့် အကျဉ်းခံရသောသူ ဖြစ်လျက်ပင်၊
> မေတ္တာအားဖြင့်သာ သင့်ကိုတောင်းပန်ပါ၏ (ဖိလေမုန် ၇-၉)။

အမှန်တကယ်တွင်၊ အတိတ်က အသင်းတော်အပေါ် ဖိလေမုန်၏မေတ္တာနှင့် သစ္စာရှိမှုသည်၊ လက်ရှိအခြေအနေတွင် ဖိလေမုန်သည် ဩနေသိမ်အပေါ် ချစ်မြတ်နိုးပြီး သစ္စာရှိမည်ကို ပေါလုအား ယုံကြည်စေခဲ့သည်။

> ပေါလုသည် ဖိလေမုန်ထံကျမ်းရေးသောအခါ၊ ဩနေသိမ်နှင့်ပတ်သက်၍ အမျိုးမျိုးသောနည်းဖြင့်စဉ်းစားရန် ဖိလေမုန်ကိုဖျောင်းဖျဖို့ရန် သူသည် ကြိုးစားနေပါသည်။ ပေါလုက သူ့တွင်လွှတ်ပေးရန်အမိန့်ပေးခြင်းကဲ့သို့သော ဝိညာဉ်ရေးဆိုင်ရာအခွင့်အာဏာမျိုး ရှိမည်ဟုယူဆသော်လည်း၊ သူသည် ဖိလေမုန်အား ဩနေသိမ်ကို လွှတ်ပေးရန်အမိန့်ပေးသည်မဟုတ်ပါ၊ ယင်းအစား...ဖိလေမုန် အနေဖြင့် ဩနေသိမ်ကို အစေခံဟူသောအတန်းအစား တွင် မဟုတ်ဘဲ၊ ယေရှုခရစ်၌သူ၏ညီအစ်ကို၊ ယေရှုခရစ်၌စစ်မှန်သော ဝိညာဉ်ရေးရာတန်းတူ ညီသူအဖြစ် ဩနေသိမ်ကိုမြင်ရန် ဖိလေမုန်ကို တောင်းဆိုနေသည်။ အဘယ်ကြောင့်ဆိုသော် ဤသည်မှာ ဘုရားသခင် တည်ထောင်ခဲ့သောဖန်ဆင်းခြင်းအသစ်၊ ဤလောက၌ သူ၏မေရှိယနှင့် ကယ်တင်ရှင်အားဖြင့် ဘုရားသခင်၏ အုပ်စိုးခြင်းအသစ်ပေါ်ထွန်းခြင်းကို ပေါလု၏မြင်ပုံဖြစ်သည်။ ထို့ကြောင့်၊ သူသည် ဖိလေမုန်အား စိတ်ပိုင်းဆိုင်ရာ သို့မဟုတ် ဝိညာဉ်ပိုင်းဆိုင်ရာ အသစ်သောအမှန်တရားတွင်လျှောက်လှမ်းခြင်း၌ ကူညီပေးရန်နှင့် ယေရှုခရစ်၌ ကျွန်ုပ်တို့ရှိစဉ်တွင် ကျွန်ုပ်တို့၏အသက်တာအတွက် ဘုရားသခင်တည်ဆောက်ပေးသည့်အဖြစ်မှန်ကို ထင်ဟပ်စေသည့်နည်းလမ်းဖြင့် ဩနေသိမ်နှင့် အခြားသူများကို ဆက်စပ်ပေးရန် ကြိုးပမ်းနေပါသည်။

**Dr Steve Blakemore**

ဖြစ်နိုင်ခြေမှာ၊ ပေါလုသည် အကြောင်းအမျိုးမျိုးကြောင့် ဖိလေမုန်ထံ ဤနည်းလမ်းဖြင့်ချဉ်းကပ်ခဲ့သည်။ သေချာသည်မှာ၊ သူသည် ရောမလူ့အဖွဲ့အစည်းရှိ ဖိလေမုန်၏တရားဝင်အခွင့်အရေးများကို အခိုင်အမာအတည်ပြုခဲ့သည်၊ သို့သော် ချစ်ခြင်းမေတ္တာနှင့် သနားကြင်နာခြင်းဆိုင်ရာ ခရစ်ယာန်ကျင့်ဝတ်ကိုလည်း အတည်ပြုခဲ့သည်။ ဖိလေမုန်သည် ဩနေသိမ်အားကြမ်းတမ်းစွာပြစ်ဒဏ်ပေးဆုံးမရန် ရွေးချယ်နိုင်သည်။ သို့မဟုတ် ခရစ်တော်အတွက်နှင့် သူ၏မိတ်ဆွေဖြစ်သော တမန်တော်ပေါလု အတွက်အလို့ငှာ ခွင့်လွှတ်မှုကိုပြသနိုင်သည်။ ရွေးချယ်မှုမှာ သူလုပ်ရမည့်အရာဖြစ်သည်။ မှန်ပါသည်၊ ပေါလုသည် မည်သည့်ရွေးချယ်မှုသည် မှန်ကန်ကြောင်း ရှင်းလင်းပြတ်သားစွာ ပြခဲ့သည်။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

## ဘုရားသခင်သည် အုပ်စိုးရှင် (ဖိလေမုန် ၁၅၊ ၁၆)

လူ့အဆင့်အတန်းအမျိုးမျိုးနှင့် ၎င်းတို့အချင်းချင်း၏ဆက်ဆံရေးများကိုဖော်ပြပြီးနောက်၊ အခန်းငယ် ၁၅ နှင့် ၁၆ တွင် ဤအခြေအနေများတွင် ပံ့ပိုးပေးသောအုပ်စိုးရှင်အဖြစ် ဘုရားသခင်၏အခန်းကဏ္ဍကိုထည့်သွင်းစဉ်းစားရန် ပေါလုသည်ဖိလေမုန်အား တောင်းဆိုခဲ့သည်။ ဤအပိုင်းတွင်၊ သူ၏တောင်းဆိုမှုကိုသာ ဖိလေမုန်အနေဖြင့်ခွင့်ပြုမည်ဆိုပါက၊ သြနေသိမ်၏ပြစ်မှားမှုမှ ဘုရားသခင်ထုတ်ယူမည့် သာ၍ကောင်းသောအရာကို ပေါလုစဉ်းစားခဲ့သည်။ ပေါလုသည် ဖိလေမုန် ၁၅-၁၆ တွင် ဘုရားသခင်၏ ပံ့ပိုးပေးသောလက်တော်ကိုကိုးကားပြီး၊ ဖိလေမုန်အား ဤအားပေးစကားများကို ရေးသားခဲ့သည်_

> ထိုမှတပါး၊ သင်သည်သူ့ကို အစဉ်ရစေခြင်းငှါ၊ သူသည် သင်နှင့်ခဏကွာသွားသည်ဟု ဆိုစရာရှိ၏။ ထိုသို့ဆိုသော်၊ အစေခံကျွန်ကဲ့သို့ရမည်ဟုမဆိုလို၊ ငါ၌အထူးသဖြင့်ချစ်သောညီ၊ သင်၌ကား၊ ဇာတိအားဖြင့်၎င်း၊ သခင်ဘုရားအားဖြင့်၎င်း၊ သာ၍ချစ်သော ညီကဲ့သို့ရမည်ဟု ဆိုလိုသတည်း (ဖိလေမုန် ၁၅-၁၆)။

အခြားသြဝါဒစာများတွင် ပေါလုသွန်သင်သည့်အတိုင်း၊ သခင်ဘုရားသည် စကြဝဠာရှိအရာအားလုံးကို ထိန်းချုပ်ထားသည်။ ထို့ပြင် ကိုယ်တော်၏ကောင်းမွန်သည့်ရည်ရွယ်ချက်များ ပြီးမြောက်စေရန် မကောင်းမှုများကို မကြာခဏခွင့်ပြုတတ်သည်။ သြနေသိမ်နှင့် ဖိလေမုန်ကြား ပဋိပက္ခဖြစ်စေမည့် အဖြစ်အပျက်များကို ဘုရားသခင်ကကြိုးကိုင်ထားသောကြောင့် သြနေသိမ်သည် ပေါလု၏ထောက်ခံမှုကိုရယူရန် တွန်းအားပေးခံရလိမ့်မည်ဟု ပေါလုဆိုခဲ့သည်၊ ပေါလု၏အမှုတော်ဆောင်ခြင်းအားဖြင့်၊ သြနေသိမ်သည် ခရစ်တော်ကိုယုံကြည်ခြင်းသို့ရောက်ရှိလာပြီး၊ သခင်ဘုရား၌ တန်းတူညီမျှအဖြစ် ဖိလေမုန်နှင့်ပြန်လည်သင့်မြတ်စေခြင်းငှာ သခင်ဘုရားက ဤအရာကိုခွင့်ပြုခဲ့သည်။

ခရစ်တော်၏နောက်လိုက်များအားလုံး လုပ်သင့်လုပ်ထိုက်သောအရာကို ဖိလေမုန်အနေဖြင့် လုပ်ဆောင်ရန် ပေါလုတောင်းဆိုခဲ့သည်။ ဘုရားသခင်၏အကြံအစည်ရှုထောင့်မှနေ၍ သြနေသိမ်နှင့် သူ့၏ပဋိပက္ခကိုပြန်လည်သုံးသပ်ကြည့်ရန် သူသည်အားပေးခဲ့သည်။ မှန်ပါသည်၊ ဖိလေမုန်သည် အမျက်ထွက်ပိုင်ခွင့်ရှိသည်။ သို့သော် သြနေသိမ်နှင့်သူ၏ပြဿနာများသည် ဘုရားသခင်၏ထိန်းချုပ်မှု အပြင်ဘက်တွင်ရှိသည်မဟုတ်ပါ။ ရောမ ၈:၂၈ တွင်ပေါလု၏ထင်ရှားသောနုတ်ကပတ်တော်က ကျွန်ုပ်တို့ကို သတိပေးသကဲ့သို့၊ ဘုရားသခင်သည် သူ့ကိုချစ်သောသူတို့အဘို့ အရာခပ်သိမ်းကိုလုပ်ဆောင်တော်မူသည်။ ဖိလေမုန်၏အခြေအနေ၏အပျက်သဘောများအား၊ ဖိလေမုန်နှင့် သြနေသိမ်တို့ထံ ဘုရားသခင်ယူဆောင်လာမည့် ကောင်းချီးမင်္ဂလာများနှင့် နှိုင်းယှဉ်၍မရနိုင်ပါ။ ဖိလေမုန်သည် သစ္စာရှိသောခရစ်ယာန်တစ်ဦးဖြစ်သည်။ ပျောက်ဆုံးသွားသောဝိညာဉ်ကိုကယ်တင်ရန် ဘုရားသခင်သည် သြနေသိမ်နှင့် သူ၏ပဋိပက္ခကို မည်သို့ကြိုးကိုင်ထားကြောင်း ဖိလေမုန်သိလိုက်သည်နှင့် သူ၏အမျက်ဒေါသသည် ရှင်လန်းသွားလိမ့်မည်ဖြစ်ကြောင်း ပေါလုယုံကြည်ခဲ့သည်။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

## အသနားခံခြင်းနှစ်ပိုင်း (ဖိလေမုန် ၁၇-၂၀)

ဖျန်ဖြေပေးခြင်းတွင်ပါဝင်သည့် လူအားလုံးကိုမိတ်ဆက်ပေးပြီးနောက်၊ နောက်ဆုံးတွင်ပေါလုသည် အခန်းငယ် ၁၇-၂၀ တွင် ဖိလေမုန်ထံ ၎င်း၏အသနားခံခြင်းနှစ်ပိုင်းကို ဖော်ပြခဲ့သည်။ အထူးသဖြင့်၊ ဩနေသိမ်အားခွင့်လွှတ်ရန် ဖိလေမုန်အား သူတောင်းဆိုခဲ့သည်။ ဖိလေမုန်သည်သူ၏ကျွန်ထံမှ အတိအကျပေးဆပ်ရန် သို့မဟုတ် လျော်ကြေးပေးရန်ရွေးချယ်ခဲ့သည့်ဖြစ်ရပ်တွင်၊ ဩနေသိမ်၏အစားထိုးအဖြစ်လည်း သူသည် မိမိကိုယ်ကိုကမ်းလှမ်းခဲ့သည်။ ပေါလု၏အသနားခံခြင်းနှစ်ပိုင်းကို ဖိလေမုန် ၁၇-၁၈ တွင် အကျဉ်းချုပ်ဖော်ပြထားသည်_

> သို့ဖြစ်၍ သင်သည်ငါ့ကို အပေါင်းအဘော်ကဲ့သို့မှတ်လျှင်၊ သူ့ကိုငါကဲ့သို့ပင် လက်ခံလော့။ သူသည် သင်၌ပြစ်မှားခြင်း၊ ကြွေးတင်ခြင်းတစုံတခုရှိလျှင်၊ ငါ့အတွက်အတာမှတ်လော့ (ဖိလေမုန် ၁၇-၁၈)။

ဤနေရာတွင် ပေါလုလုပ်ဆောင်သည့်အရာကို သတိပြုပါ_ ပေါလုကိုယ်တိုင်က ဖိလေမုန်၏ကျေးဇူးပြုခြင်းကို လိုအပ်နေသူတစ်ဦးကဲ့သို့ ပုဂ္ဂိုလ်ရေးအရဖိလေမုန်ထံမေတ္တာရပ်ခံခဲ့သည်။ ဩနေသိမ်သည် ဖိလေမုန်ထံသို့ ပြန်လည်ရောက်ရှိရန် ထိုက်တန်ကြောင်း ပေါလုငြင်းခုံခြင်းမပြုခဲ့ပါ။ ဆန့်ကျင်ဘက်အနေနှင့်၊ ဩနေသိမ်သည် ပြစ်ဒဏ်ပေးဆုံးမခြင်းခံရန်ထိုက်တန်သည်ဟု သူဆိုခဲ့သည်။ ပေါလုသည် ဩနေသိမ်အားခြွင်းချက်မရှိ သနားကြင်နာမှုပြရန် ဖိလေမုန်ကိုမတောင်းဆိုခဲ့ပါ။ ပုံသဏ္ဍာန်အားဖြင့်ပြောရလျှင်၊ ပေါလုသည် ဩနေသိမ်၏ရှေ့နေအဖြစ် သူ၏*ဘေး*တွင်ရပ်မနေဘဲ၊ *ဩနေသိမ်၏* အကျိုးအလို့ငှာ ဖိလေမုန်အားသနားညှာတာမှုရှိရန် သွေးဆောင်ခဲ့သည်။ ယင်းအစား၊ သူသည် ဖိလေမုန်သည်ပေါလုအတွက်အလို့ငှာ အဘယ်ကြောင့် သနားကြင်နာသင့်သည်ကို အကြောင်းပြချက်များပေးခြင်းဖြင့် ဖိလေမုန်၏လက်မှကာကွယ်ပေးကာ၊ သူ၏ဝိညာဉ်ရေးဖခင်နှင့် ကာကွယ်သူအဖြစ် ဩနေသိမ်၏*ရှေ့တွင်* ရပ်နေခဲ့သည်။ ဖိလေမုန် ၂၀ တွင်ပေါလု၏ အသနားခံခြင်းနှစ်ပိုင်းအား နိဂုံးချုပ်ပုံ ကို နားထောင်ပါ_

> အချင်းငါ့ညီ၊ သခင်ဘုရား၌ငါ့ကို ကျေးဇူးပြုပါလော့။ ခရစ်တော်၌ ငါ့စိတ်နှလုံးကို သက်သာစေပါလော့ (ဖိလေမုန် ၂၀)။

ဖိလေမုန်အနေဖြင့် ပေါလု၏စိတ်နှလုံးအကြွင်းမဲ့ချစ်မြတ်နိုးသော ဝိညာဉ်ရေးသားအား သနားကြင်နာပြီး၊ သူ့အားအလွန်လေးစားလိမ့်မည်ဟု ပေါလုမျှော်လင့်ခဲ့သည်။ ထို့ကြောင့်သူ၏အသနားခံခြင်းတွင်၊ ပေါလုသည် ဩနေသိမ်အားသနားကြင်နာမှုပြခြင်းဖြင့် သူ့ကိုအလုပ်အကျွေးပြုရန် ခရစ်တော်၌ ညီအစ်ကိုဖြစ်သော ဖိလေမုန်အားတောင်းဆိုခဲ့သည်။

ဤနေရာတွင်သုံးသော ပေါလု၏အသုံးအနှုန်းကို သတိပြုပါ။ ရှေးဦးစွာ၊ ပေါလုသည် သူ့ကို"ကျေးဇူးပြုရန်"ဖိလေမုန်အား တောင်းဆိုသောအခါ၊ သူသည် ဂရိကြိယာ "*oninémi*" (*ὀνίνημι*) ကို အသုံးပြုခဲ့သည်။ ဤအခေါ်အဝေါ်သည် ဩနေသိမ်၏အမည်၏အခြေခံဖြစ်သည်ကို သင်မှတ်မိပါလိမ့်

မည်။ ယခင်အတိုင်းပင်၊ ၎င်းသည်အသုံးအနှုန်းဆိုင်ရာတစ်ခု ဖြစ်သည်။ အဓိကအားဖြင့်၊ ဩနေသိမ်သည်ပေါလုကို ကျေးဇူးပြုသကဲ့သို့ ဩနေသိမ်အား ကြင်နာခြင်းဖြင့် သူ့ကို"ကျေးဇူးပြုရန်"ဖိလေမုန်အားပေါလုတောင်းဆိုခဲ့သည်။ ဒုတိယ၊ ပေါလုသည် "သက်သာခြင်း" ဟူသောစကားလုံးကို ထပ်ခါတလဲလဲအသုံးပြုခဲ့သည်။ ဖိလေမုန် ၇ တွင် ပေါလုသည် "သန့်ရှင်းသူတို့၏စိတ်နှလုံးကို သက်သာစေသောကြောင့်" ဖိလေမုန်အား ချီးမွမ်းခဲ့သည်။ ဤတွင်၊ ပေါလုသည် အခြားသူများ၏လိုအပ်ချက်များကိုထည့်သွင်းစဉ်းစားပေးတတ်သော ခရစ်တော်၏ကျေးကျွန်တစ်ဦးအနေဖြင့် ဖိလေမုန်၏သွင်ပြင်လက္ခဏာကို မေတ္တာရပ်ခံခဲ့သည်။ ကောလောသဲမြို့၌ရှိသော သူတို့ကို သက်သာစေသကဲ့သို့ ပေါလုအကျဉ်းကျနေစဉ်အတွင်း သက်သာစေရန်လည်း သူ့ကို အားပေးခဲ့သည်။

> ပေါလုက"ငါ့စိတ်နှလုံးကို သက်သာစေပါလော့"ဟု ပေါလုဆိုသည်၊ ၎င်းသည်ဝိညာဉ်ရေးခေါင်းဆောင်တစ်ဦးဖြစ်ပြီး စိတ်နှလုံးများစွာကို သက်သာစေသည့်ဖိလေမုန်ထံမှ သူမျှော်လင့်သည့်၊ စွဲမက်ဖွယ်အယူအဆဖြစ်သည်။ "စိတ်နှလုံး" ဟူသောစကားလုံးကို ဖိလေမုန်ဩဝါဒစာတွင် တတိယအကြိမ် အသုံးပြုခြင်းဖြစ်သည်။ ထို့ကြောင့် ယခုပေါလုသည် သူ၏စိတ်နှလုံးကို သက်သာစေရန်သူ့ကိုအမိန့်ပေးသည်…ထို့ကြောင့် ၎င်းသည် ဆာလံ ၂၃ တွင် "ထာဝရဘုရားသည်ငါ၏သိုးထိန်းဖြစ်တော်မူ၏… ငါ့ဝိညာဉ်ကိုအားဖြည့်၍"ဟူသောအယူအဆကိုပြန်ရည်ညွှန်းသည်။ ယင်းက သင်းအုပ်ဆရာအဖြစ် ဖိလေမုန်၏ခိုင်မာအားကောင်းသော ဝိညာဉ်ရေးခေါင်းဆောင်တစ်ဦး၏ အမှုဆောင်ခြင်းကိုတန်ခိုးကြီးသောနည်းဖြင့် ဖော်ပြသည်။ သို့သော် ကျွန်ုပ်တို့အလုပ်၏တစ်စိတ်တစ်ပိုင်းသည် သွန်သင်ခြင်းဖြစ်သော်လည်း၊ ယင်း၏တစ်စိတ်တစ်ပိုင်းမှာ ခရစ်တော်၏သန့်ရှင်းသူများကို ကျွန်ုပ်တို့သွန်သင်ပေးသည့်အတိုင်းပြန်လည်ထူထောင်ခြင်း၊ သက်သာစေခြင်း၊ အားပေးခြင်းပင်ဖြစ်သည်။ ထို့ကြောင့်၊ ဖိလေမုန်အတွက် ပေါလု၏ဤအမိန့်တော်သည် တမန်တော်တစ်ဦးအနေဖြင့် မိမိကိုယ်မိမိသက်သာစေရန် လိုအပ်ကြောင်းကိုလည်း ရည်ညွှန်းသည်။
>
> **Dr Pete Alwinson**

ပညာရှင်တို့သည် ဖိလေမုန်ထံပေါလု၏အသနားခံခြင်း၏အသေးစိတ်အချက်များနှင့်ပတ်သက်၍ မေးခွန်းများစွာထုတ်ခဲ့ကြသည်။ ပေါလုသည် ဩနေသိမ်ပြုမိခဲ့သောအမှားအတွက် လက်စားချေခြင်းသို့မဟုတ် လျော်ကြေးပေးခြင်းကိုမဟုတ်ဘဲ၊ ဩနေသိမ်ကို သနားကြင်နာခြင်းဖြင့်ဆက်ဆံရန် ဖိလေမုန်ကို တောင်းဆိုခြင်းမျှသာဖြစ်သည်ဟု အချို့ကယုံကြည်ကြသည်။ အခြားသူများကမူ ပေါလုသည်ဖိလေမုန်ကိုပို၍တောင်းဆိုသည်၊ ဩနေသိမ်၏လွတ်မြောက်ခြင်းဖြစ်သော သူ၏လွတ်လပ်ခွင့်အတွက်ပင် ဖြစ်နိုင်သည်ဟု ယုံကြည်ကြသည်။ လွတ်လပ်ခွင့်အတွက် ဤမေတ္တာရပ်ခံမှုသည် ဖိလေမုန် ၁၅-၁၆ တွင် ပေါလု၏နှုတ်ကပတ်တော်များအားဖြင့် အဓိပ္ပာယ်သက်ရောက်နိုင်သည်_



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> ထိုမှတပါး၊ သင်သည်သူ့ကို အစဉ်ရစေခြင်းငှါ၊ သူသည် သင်နှင့်ခဏ ကွာသွားသည်ဟု ဆိုစရာရှိ၏။ ထိုသို့ဆိုသော်၊ အစေခံကျွန်ကဲ့သို့ရမည်ဟု မဆိုလို၊ ငါ၌အထူးသဖြင့် ချစ်သောညီ၊ သင်၌ကား၊ ဇာတိအားဖြင့်၎င်း၊ သခင်ဘုရားအားဖြင့်၎င်း၊ သာ၍ချစ်သော ညီကဲ့သို့ရမည်ဟု ဆိုလိုသတည်း (ဖိလေမုန် ၁၅-၁၆)။

ပေါလုသည် ဖိလေမုန်အား ဩနေသိမ်ကိုလွတ်မြောက်စေလိုခြင်းဖြစ်သည်ဟူသော အဓိပ္ပာယ်ဖြင့် ဤကျမ်းချက်ကို ဖတ်ရှုရပါမည်၊ သို့မှသာ ဩနေသိမ်သည် အစေခံ သို့မဟုတ် ကျွန် ဖြစ်မည်မဟုတ်တော့ပါ။ ပေါလုသည် ဂရိစကားလုံး *"aiōnion"* (*αἰώνιον*) ကို ဤနေရာတွင် "အစဉ်" ဟုမှန်ကန်စွာ ဘာသာပြန်ဆို အသုံးပြုထားသည်ကိုသတိပြုမိသောအခါ၊ ဤအယူအဆကို ခိုင်မာစေပါသည်။ ရောမကျွန်ပြုခြင်းတွင် မကြာခဏဖြစ်လေ့ရှိသော်လည်း ခရစ်ယာန်အမြင်အရ၊ ယင်းသည် ယာယီအစီအစဉ်ဖြစ်သည်။ ထို့ကြောင့်၊ ဩနေသိမ်နှင့် သူ၏ဆက်ဆံရေးအပေါ် ထာဝရရှုထောင့်မှသုံးသပ်ရန် ပေါလုသည် ဖိလေမုန်အား ကောင်းစွာတိုက်တွန်းအားပေးနေပေမည်။ ၎င်းကြောင့် ပေါလုသည် ဩနေသိမ်လွတ်မြောက်စေရန် ဖိလေမုန်ကို အမှန်တကယ် တောင်းဆိုခဲ့ခြင်းဖြစ်နိုင်သည်။

တစ်ချိန်တည်းမှာပင်၊ ခရစ်ယာန်ယုံကြည်ခြင်းသည် ခရစ်ယာန်သခင်များအားလုံးကို ၎င်းတို့၏ကျွန်များအားလွှတ်ပေးရန် တောင်းဆိုသည်ဟု ပေါလုမသွန်သင်ကြောင်း အသိအမှတ်ပြုရန် အရေးကြီးသည်။ ၁ ကောရိန္သု ၇:၂၁ တွင် လွတ်လပ်မှုသည် ကျွန်ခံခြင်းထက် သာလွန်ကြောင်းသွန်သင်ခဲ့သော်လည်း၊ လွတ်မြောက်ခြင်းကို မည်သည့်အခါကမျှ သူမတောင်းဆိုခဲ့ပါ။ ခရစ်ယာန်ကျွန်များနှင့်အစေခံများကို ခရစ်တော်၌ ညီအစ်ကိုညီအစ်မများအဖြစ် ကောင်းမွန်စွာဆက်ဆံရန်သာ ခရစ်ယာန်သခင်များကို တိုက်တွန်းခဲ့သည်။ ၁ တိမောသေ ၆:၂ ပါပေါလု၏ညွှန်ကြားချက်များကို နားထောင်ပါ_

> သခင်သည်ယုံကြည်သောသူဖြစ်လျှင်၊ ညီအစ်ကိုဖြစ်သည်ဟု စိတ်ထင်နှင့်၊ မခန့်မညားမပြုစေနှင့်။ အစေခံခြင်း၏အကျိုးကို ခံရသောသူသည် ယုံကြည်သောသူ၊ ချစ်အပ်သောသူဖြစ်သောကြောင့် သာ၍အစေခံစေ။ ဤသို့ဆုံးမဩဝါဒပေး၍ တိုက်တွန်းသွေးဆောင်လော့ (၁တိ ၆း၂)။

သေချာသည်မှာ၊ ကျွန်စနစ်သည် သမိုင်းတစ်လျှောက် ဆိုးရွားစွာ နှိပ်စက်ညှဉ်းပန်းသည့် အဖွဲ့အစည်းတစ်ခုဖြစ်သည်။ ထို့ကြောင့်၊ ဤညွှန်ကြားချက်များကို ပေါလုရေးခဲ့ခြင်းသည် ကျွန်ုပ်တို့အတွက် ထူးဆန်းပုံရပေမည်။ မျက်မှောက်ခေတ်လူအများစုသည် ကျွန်ပြုခြင်းအကြောင်းတွေးသောအခါ၊ ကျွန်ုပ်တို့၏စိတ်ထဲတွင် ကုန်ပစ္စည်းကဲ့သို့ကျွန်ပြုခြင်းပုံစံများနှင့် ဆက်စပ်နေသည့် ကြောက်မက်ဖွယ်ရက်စက်မှုများကို ချက်ချင်းသတိရမိသည်။ အတင်းအဓမ္မကျွန်ပြုခံရသူများ၊ မိသားစုများနှင့်ကွဲကွာရသူများ၊ စိတ်ကူး၍မရသော လူမဆန်စွာ ပြုမူခြင်းကိုခံရသူများအကြောင်း ကျွန်ုပ်တို့ တွေးတောမိပါသည်။ ဤကျေးကျွန်များသည် မကြာခဏ အဓမ္မပြုကျင့်ခြင်း၊ ညှာတာမှုကင်းမဲ့စွာရိုက်နှက်ခြင်း၊ တံဆိပ်ကပ်ခြင်းနှင့် သတ်ဖြတ်ခြင်းတို့ကို ခံရလေ့ရှိသည်။ ခရစ်ယာန်များစွာသည် ရှေးခေတ်ကျွန်ပြုခြင်းကို သမ္မာ

ကျမ်းစာ၏ချဉ်းကပ်ပုံအား နှစ်သက်ခြင်းဖြင့် ဤရက်စက်ကြမ်းကြုတ်မှုကို ခုခံကာကွယ်ခြင်းသည် ရှက်စရာဖြစ်သည်။ သို့သော် သူတို့သည် ဝမ်းနည်းဖွယ်ကောင်းအောင် မှားခဲ့ကြသည်။ ပေါလုနှင့်အခြား ကျမ်းရေးသူတစ်ဦးတစ်ယောက်မျှ ဤအလေ့အထများကို အတည်ပြုမည်မဟုတ်ပါ။ ယင်းအစား၊ ထိုသူတို့သည် ၎င်းတို့အား အပြင်းထန်ဆုံးသော အသုံးအနှုန်းများဖြင့် ရှုတ်ချမည်ဖြစ်သည်။

> ကျွန်ပြုခြင်းကို ဘုရားသခင်ချီးမွမ်းသည့် မည်သည့်ကျမ်းပိုဒ်တစ်ခုကိုမျှ သမ္မာကျမ်းစာတစ်အုပ်လုံးတွင် သင်မတွေ့နိုင်ပါ။ ၎င်းသည် အရေးကြီးသည်။ သို့သော် ဘုရားသခင်သည် လူ့ယဉ်ကျေးမှုအတွင်းမှ မိမိကိုယ်ကို ထုတ်ဖော်ပြသနေပြီး၊ ဝမ်းနည်းဖွယ်မှာ၊ ကျွန်ပြုခြင်းသည် အစမှသည် ယနေ့တိုင်အောင် လူ့ယဉ်ကျေးမှု၏ အစိတ်အပိုင်းတစ်ခုဖြစ်ခဲ့သည်၊ ယနေ့ကမ္ဘာပေါ်တွင် ကျွန်များသည် သမိုင်းတစ်လျှောက်တွင် ရာခိုင်နှုန်းအားဖြင့်မဟုတ်သော်လည်း ကိန်းဂဏန်းအားဖြင့် ယခင်ကထက်များပြားသည်။ ရောမအင်ပါယာ၌ လူသုံးဦးလျှင်တစ်ဦးသည် ကျွန်ဖြစ်သောအခါ ဓမ္မသစ်ကျမ်းတွင် ကျွန်ပြုခြင်းသည်အဓိက အကြောင်းအရာတစ်ခုဖြစ်လာသည်...ဤသည်မှာ ဆိုးရွားသောငွေကြေးပြဿနာများ ကြုံလာသူများအတွက် အစိုးရလုံခြုံရေးကွန်ယက်များ မရှိသောယဉ်ကျေးမှုတွင် အကြွေးဆပ်ရန် နည်းလမ်းတစ်ခုဖြစ်သောကြောင့်၊ လူအများသည် ငွေအကြွေးတင်သောကြောင့် ကျွန်များဖြစ်သွားကြသည်။ အခြားလူများသည် စစ်ပွဲရှုံးသောကြောင့် ကျွန်များဖြစ်လာကြသည်။ ထို့ကြောင့်၊ ယင်းတို့သည် လူတို့ကျွန်ဘဝရောက်ရသည့် အဓိကအကြောင်းရင်းနှစ်ရပ်ဖြစ်သည်။ ၁၈-၁၉ ရာစုတွင် အာဖရိကမှကျွန်များနှင့်အတူ ကျွန်ုပ်တို့တွေ့မြင်ရသည့် မျက်မှောက်ခေတ်ကျွန်ဖြစ်စဉ်သည် ထူးခြားသည့်အပိုင်းတစ်ခုဖြစ်သည်။ ယင်းသည် ဓမ္မသစ်ကျမ်း၌လုံးဝ ရှုတ်ချထားသည့်အရာဖြစ်သော သိမ်းယူခြင်း နီးပါးဖြစ်ပေမည်။

**Dr Brian D. Russell**

သို့သော် ပေါလု၏အခြေအနေတွင်၊ ကျွန်ပြုခြင်း သို့မဟုတ် ကျွန်ဘဝသည် ဥပဒေအရ အလွန်ကွဲပြားခြားနားသည်။ ၎င်းသည် အထူးသဖြင့် သခင်နှင့် အစေခံနှစ်ဦးစလုံးသည် ခရစ်ယာန်များဖြစ်သောအခါ နှစ်ဦးနှစ်ဖက် အကျိုးရှိသော စီးပွားရေးအစီအစဉ်တစ်ခုဖြစ်လေ့ရှိသည်။ အမှန်တကယ်တွင် သခင်နှင့် အစေခံသူနှစ်ဦးစလုံးသည် တစ်မိသားစုတည်းတွင် နေထိုင်ကြပြီး၊ အချင်းချင်းအလုပ်အကျွေးပြုရန်နှင့် ချစ်ရန် ဘုရားသခင် တောင်းဆိုခဲ့ခြင်းဖြစ်သည်။ ၎င်းတို့သည် ရည်ရွယ်ရာများနှင့် ရည်ရွယ်ချက်များအားလုံးအတွက် တိုးချဲ့မိသားစုတစ်ခုဖြစ်သည်။ ထို့အပြင် ဤဆက်ဆံရေးများသည် အဆင့်အတန်းအားလုံးအတွက် ဝိညာဉ်ရေးရာနှင့် အကျိုးရှိသောနည်းလမ်းများဖြင့် လုပ်ဆောင်နိုင်သောကြောင့်၊ ပေါလုသည် ဤလူမှုရေးအဖွဲ့အစည်းများကို ဖြိုဖျက်ရန် ခရစ်ယာန်များအား ညွှန်ကြားခဲ့ခြင်းမရှိပါ။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ယင်းအစား၊ မျက်မှောက်ခေတ်ရှိ ခရစ်ယာန်အလုပ်ရှင်များနှင့် အလုပ်သမားများကို ကျွန်ုပ်တို့စဉ်းစား သကဲ့သို့ ခရစ်တော်၌ ညီအစ်ကိုမောင်နှမများအဖြစ် အချင်းချင်းဆက်ဆံရန် သူတို့ကို သွန်သင်ပေး ခဲ့သည်။

> ကျွန်များနှင့် သခင်များအကြောင်း ပေါလု၏သွန်သင်ချက်သည် ယနေ့ ကျွန်ုပ်တို့နှင့် မသက်ဆိုင်သောအရာတစ်ခုဖြစ်ပုံရပေမည်။ အကြောင်းမှာ ကျွန်ုပ်တို့သည် ကျွန်များနှင့် သခင်များကို ဖယ်ရှားပစ်လိုသောကြောင့်ဖြစ်သည်။ သို့သော်၊ ကြီးမားသည့်တူညီမှုတစ်ခု တစ်ခုရှိသည်ဟု ကျွန်ုပ်ထင်ပါသည်။ အထူးသဖြင့် ဂရိ-ရောမခေတ်တွင် ကျွန်ပြုခြင်းသည်မည်ကဲ့သို့ဖြစ်သည်ကို နားလည်မှုဖြစ်ပြီး၊ ကျွန်များနှင့် သခင်များထံ ပေါလုတောင်းဆိုခဲ့သည့် အပြုအမူနှင့် သဘောထားများသည် ဧဝံဂေလိအတွက် ထိမိ၍လဲစရာမှန်သမျှကို ဖယ်ရှားရန် ရည်ရွယ်သည့် သဘောထားများဖြစ်သည်...ထို့ကြောင့်၊ ယနေ့ခေတ် အလုပ်ရှင်များနှင့် အလုပ်သမားများနှင့် ဆက်ဆံရာတွင် တူညီသောအချက်များ ရှိနေပါသည်။ အလုပ်ရှင်များသည် ၎င်းတို့၏ဝန်ထမ်းများအား ဘုရားသခင်၏ ပုံသဏ္ဍာန်ဖြင့် ဖန်ဆင်းထားသူများအဖြစ် လေးစားစွာဆက်ဆံသင့်ပြီး၊ ဝန်ထမ်းများအားလျစ်လျူရှုခြင်း သို့မဟုတ် ဆိုးရွားစွာဆက်ဆံခြင်းကြောင့် ဧဝံဂေလိတရားကို တစ်နည်းတစ်ဖုံအားဖြင့်ဆန့်ကျင်စေမည့် မည်သည့်အရာ ကိုမျှ မလုပ်သင့်ပါ။ သင့်အနေဖြင့် ၎င်းကို ထိမိ၍လဲစရာကျောက် အဖြစ် မခံသင့်ပါ။ ဝန်ထမ်းများလည်း ထိုနည်းအတူပင်ဖြစ်သည်။ သင်သည် ခရစ်တော်၏နောက်လိုက်တစ်ဦးဖြစ်ပြီး တစ်စုံတစ်ဦးအတွက် အလုပ်လုပ်နေ ပါက၊ သင်သည် လုံ့လစိုက်ကြိုးစားလုပ်သင့်ပြီး၊ သင့်အပေါ်၌ ဩအခွင့်အာဏာ ရှိသောသူများကို လေးစားသင့်သည်ကို သင်သိပါသည်။ အဘယ်ကြောင့်ဆိုသော် သင်သည် ပျင်းရိပြီးမရိုသေပါက၊ သင်၏အလုပ်ကို အစွမ်းရှိသမျှမလုပ်ဆောင် ပါက၊ ထိုအရာအားလုံးသည် ခရစ်တော်၏နောက်လိုက်တစ်ဦးအဖြစ် သင်၏ သက်သေခံခြင်းအပေါ် ထင်ဟပ်နေသောကြောင့် ဖြစ်သည်။

**Dr Dan Lacich**

ပေါလုသည် ဩနေသိမ်အတွက် အကောင်းဆုံးကိုလိုချင်ကြောင်းနှင့် ဖိလေမုန်သည် တမန်တော် ၏မျှော်လင့်ချက်များကို မည်သို့ဖြည့်ဆည်းရမည်ကိုသိကြောင်း ကျွန်ုပ်တို့သိနိုင်ပါသည်။ သို့သော် ပေါလု ၏မရေရာသောအသုံးအနှုန်းသည် ဖိလေမုန်အနေဖြင့် ဩနေသိမ်အားခွင့်လွှတ်ပြီး သူ့အိမ်၌ဂုဏ်ထူး ဆောင်ကျွန်အဖြစ် ဆက်ဆံရန် သို့မဟုတ် ဩနေသိမ်၏တရားဝင်လွတ်လပ်ခွင့်ကို တောင်းဆိုနေခြင်း ရှိမရှိ ကျွန်ုပ်တို့သိရန်မဖြစ်နိုင်ပါ။ ထို့အပြင်၊ ထိုကာလ၏စီးပွားရေးအခြေအနေများကြောင့်၊ မည်သည့်ရ လဒ်က ဩနေသိမ်ကိုပိုမိုအကျိုးရှိစေမည်ကိုကျွန်ုပ်တို့ခန့်မှန်းရခက်ပါသည်။ မည်သို့ပင်ဖြစ်စေ၊ ပေါလု၏

အသနားခံခြင်းသည် သြနေသိမ်အတွက်ကောင်းမွန်သောအသက်တာရရှိရန် ပုံစံပြုထားခြင်းဖြစ်ပြီး၊ ခရစ်ယာန်ဂုဏ်အသရေ၊ လေးစားမှုဖြင့်ဆက်ဆံခံရကာ မေတ္တာနှင့် သနားကြင်နာခြင်းခံရကြောင်း ထင်ရှားပါသည်။

## ယုံကြည်စိတ်ချမှု (ဖိလေမုန် ၂၁)

နောက်ဆုံးအနေနှင့်၊ ဖုန်ဖြေပေးခြင်းတွင်ပါဝင်သူများ၏အခန်းကဏ္ဍများကိုရှင်းပြကာ ဖိလေမုန်ထံသူ၏အသနားခံခြင်းနှစ်ပိုင်းတင်ပြပြီးနောက်၊ ရှင်ပေါလုသည် အခန်းငယ် ၂၁ တွင်ယုံကြည်စိတ်ချစွာပြောဆိုချက်ဖြင့်အဆုံးသတ်ခဲ့သည်။ ဤတွင်၊ တမန်တော်၏တောင်းဆိုချက်အတိုင်း ဖိလေမုန်သည် လုပ်ဆောင်လိမ့်မည်ဟု ပေါလုသည် သူ၏ယုံကြည်ချက်ကိုဖော်ပြခဲ့သည်။ ဖိလေမုန် ၂၁ တွင်ပေါလု၏အသနားခံစာတွင် ဤနိဂုံးချုပ်နုတ်ကပတ်တော်များကို ကျွန်ုပ်တို့ဖတ်ရသည်–

> သင်သည်နားထောင်မည်ဟု ယုံမှားခြင်းမရှိသည်သာမက၊ ငါပြောသည်ထက်သာ၍ပြုမည်ဟု အမှန်သိလျက် ငါရေးလိုက်ပါ၏ (ဖိလေမုန် ၂၁)။

ပေါလု၌ ဖိလေမုန်သည် သူ၏တောင်းဆိုချက်ကို လိုက်လျောမည်ဟု ယုံကြည်ခြင်းအတွက် ခိုင်လုံသောအကြောင်းပြချက်နှစ်ခုရှိသည်။ ပထမ၊ ဖိလေမုန်သည် ပေါလုကိုလေးစားချစ်ခင်သောကြောင့်၊ သူ့အား စိတ်ကျေနပ်စေရန် လှုံ့ဆော်ခံရမည်ဖြစ်သည်။ ဒုတိယ၊ ယုံကြည်သူအသစ်အဖြစ် သြနေသိမ်ပါဝင်ခဲ့သောအသင်းတော်ကို ဖိလေမုန်သည်ချစ်မြတ်နိုးသည်။

သမ္မာကျမ်းစာသည် ဖိလေမုန်၏တုံ့ပြန်မှုကို မှတ်တမ်းတင်မထားသလို၊ သြနေသိမ်၌ဖြစ်ပျက်ခဲ့သမျှကိုလည်း ကျွန်ုပ်တို့အားမဖော်ပြပေ။ ဖိလေမုန်သည် သူ့ကိုလွှတ်ပေးလိုက်ကြောင်း ရာစုနှစ်များစွာ ကျယ်ပြန့်စွာခံယူခဲ့ကြပြီး၊ နောက်ဆုံးတွင် သူသည်အေဒီ ၉၅ တွင် ရောမမြို့တွင်အာဇာနည်အဖြစ်ကွယ်လွန်သွားသော ဧဖက်အသင်းတော်၏သင်းအုပ် ဖြစ်လာခဲ့သည်။ ထို့ပြင် ပထမရာစုတွင် တိမောသေကိုဆက်ခံသော၊ သင်းအုပ်သြနေသိမ်ရှိခဲ့သည်။ ပေါလုလေ့ကျင့်ပေးထားသော ခရစ်ယာန်တစ်ဦးသည် ထိုကဲ့သို့ ထင်ပေါ်ကျော်ကြားလာနိုင်ကြောင်း တွေ့ရှိရခြင်းမှာ အံ့သြစရာမဟုတ်ပါ။ ထို့ကြောင့်၊ ဖြစ်နိုင်ခြေကို ကျွန်ုပ်တို့မငြင်းပယ်သင့်ပါ။ သို့သော် အမှန်တကယ်တွင်၊ သြနေသိမ်ဟူသောအမည်သည် ဘုံအမည်တစ်ခုဖြစ် သည်။ ထို့ကြောင့်၊ ဧဖက်မြို့မှ သင်းအုပ်သြနေသိမ်သည် ဖိလေမုန်သြဝါဒစာ၏ သြနေသိမ်နှင့် တူညီသောလူမဟုတ်ပေ။ မည်သို့ပင်ဆိုစေ၊ ဖိလေမုန်အပေါ် ပေါလု၏ယုံကြည်ကိုးစားမှုက ဖိလေမုန်သည် သြနေသိမ်အတွက် အကောင်းဆုံးလုပ်ဆောင်ခဲ့သလောဟု ကျွန်ုပ်တို့အား သံသယရှိရန်လှုံ့ဆော်ပါသည်။ ဖိလေမုန်သြဝါဒစာကို ကျွန်ုပ်တို့ပိုင်ဆိုင်ရခြင်းမှာ ဖိလေမုန်သည် မှန်ကန်သောအရာကို လုပ်ဆောင်ခဲ့သည်ဟုဆိုလိုသည်၊ ပေါလု၏တောင်းဆိုချက်ကိုခွင့်မပြုပါက သူသည် သက်သေအထောက်အထားများကို ဖျက်ဆီးပစ်နိုင်ဖွယ်ရှိသည်။

## နောက်ဆုံးနှုတ်ဆက်ခြင်း (ဖိလေမုန် ၂၂-၂၅)

ကျွန်ုပ်တို့သည် ပေါလု၏နှုတ်ဆက်ခြင်း၊ ကျေးဇူးတော်ချီးမွမ်းခြင်းနှင့် အသနားခံခြင်းတို့ကို ကြည့်ရှုပြီးနောက်၊ ယခုကျမ်း၏နောက်ဆုံးအပိုင်းသို့ ကြည့်သင့်ပါသည်_ ဖိလေမုန် ၂၂-၂၅ ပါဖိလေမုန်နှင့် သူ၏အိမ်သူအိမ်သားတို့အား ပေါလု၏နောက်ဆုံးနှုတ်ခွန်းဆက်စကား။ ဤအပိုင်း၌ အခန်းငယ် ၂၄ တွင် စံပြနှုတ်ခွန်းဆက်စကားများနှင့် အခန်းငယ် ၂၅ တွင်မျှတသောစံနှုန်းကောင်းချီးမင်္ဂလာများ ပါရှိသည်။ သို့သော် အခန်းငယ် ၂၂ နှင့် ၂၃ ပါအသေးစိတ်အချက်နှစ်ချက်ကို အထူးသတိပြုသင့်သည်။ ပထမ အခန်းငယ် ၂၂ တွင်၊ ပေါလုသည် အကျဉ်းထောင်မှအမြန်လွတ်မည်ဟု ၎င်း၏မျှော်လင့်ချက်ကိုဖော်ပြခဲ့ပြီး၊ ဖိလေမုန်အားသူ့အတွက် အခန်းပြင်ဆင်ပေးရန် တောင်းဆိုခဲ့သည်။ ဖိလေမုန်အနေဖြင့် မဝေးတော့သော အနာဂတ်တွင် သူကိုယ်တိုင် တမန်တော်နှင့်ရင်ဆိုင်ရမည်ဖြစ်သဖြင့် ပေါလု၏တောင်းဆိုချက်ကို လက်ခံရန် သူ့အားတွန်းအားပေးမည်မှာ သေချာသည်။ ဒုတိယ၊ ဤသင်ခန်းစာ၏အစောပိုင်းတွင် ဖော်ပြထားသည့်အတိုင်း၊ ပေါလုသည် အခန်းငယ် ၂၃ တွင် ဧပေဖြထံမှအထူးနှုတ်ခွန်းဆက်စကားတစ်ခု ပေးပို့ခဲ့ပြီး၊ ဧပေဖြသည် ဩနေသိမ်နှင့် ဖိလေမုန်၏ကိစ္စရပ်နှင့်ပတ်သက်၍ သက်သေအဖြစ်ဆောင်ရွက်မည် ဖြစ်ကြောင်း ဖော်ပြခဲ့သည်။

ကျွန်ုပ်တို့သည် ဖိလေမုန်ဩဝါဒစာ၏နောက်ခံသမိုင်းအပြင် ၎င်း၏ဖွဲ့စည်းပုံနှင့် အကြောင်းအရာတို့ကို ထည့်သွင်းစဉ်းစားထားပါသည်။ ယခု၊ ကျွန်ုပ်တို့သည်ဩနေသိမ်ကိုယ်စား ပေါလု၏စံနမူနာပြုထောက်ခံအားပေးမှု၏ မျက်မှောက်ခေတ်ကျင့်သုံးမှုကိုလေ့လာရန် အနေအထားတွင် ရှိနေပါသည်။ ဤကျမ်း၏သွန်သင်ချက်များကို ကျွန်ုပ်တို့၏ဘဝတွင် ယနေ့မည်သို့ကျင့်သုံးသင့်သနည်း။

# မျက်မှောက်ခေတ်ကျင့်သုံးမှု

ကျွန်ုပ်တို့မြင်ရသည့်အတိုင်း၊ ဖိလေမုန်ဩဝါဒစာတွင် ပေါလုသည် သူ၏ဓမ္မပညာကို သူ၏ကိုယ်ပိုင်ဘဝအပြင်၊ ဖိလေမုန်နှင့် ဩနေသိမ်တို့၏အသက်တာတွင် မည်သို့ကျင့်သုံးပုံကို ဖော်ပြသည်။ ဆန့်ကျင်ဘက်အားဖြင့်၊ ကောလောသဲဩဝါဒစာနှင့် ဧဖက်ဩဝါဒစာများတွင် အယူဝါဒဆိုင်ရာ ယေဘုယျသွန်သင်ချက်များစွာနှင့် သူ၏သွန်သင်ချက်များဆိုင်ရာ ယေဘုယျကျင့်သုံးမှုများပါရှိသည်။ ဤကျမ်းများသည် ကျွန်ုပ်တို့အတွက် နည်းလမ်းများစွာဖြင့် များစွာအထောက်အကူဖြစ်စေပါသည်။ သို့သော် ဖိလေမုန်ဩဝါဒစာသည် ကျွန်ုပ်တို့အား ယေဘုယျထက် တိကျခြင်းသို့၊ အယူအဆထက် လက်တွေ့သို့၊ သဘောထားများကိုသွန်သင်ခြင်းထက် လုပ်ရပ်များသို့ လှုံ့ဆော်ပေးသည်။ ဤအကြောင်းကြောင့်၊ ဩနေသိမ်နှင့် ဖိလေမုန်ကြား ပေါလု၏ဖျန်ဖြေပေးပုံသည် သူ၏အခြားကျမ်းများတွင် အထူးသဖြင့် ကောလောသဲဩဝါဒစာနှင့် ဧဖက်ဩဝါဒစာများတွင် ယေဘုယျသွန်သင်ချက်များကို ပို၍ထင်ဟပ်စေသည့်နည်းလမ်းများကို ကျွန်ုပ်တို့အထူးအာရုံစိုက်ပါမည်။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဖိလေမုန်သြဝါဒစာ၏မျက်မှောက်ခေတ်ကျင့်သုံးပုံကို ကျွန်ုပ်တို့သုံးသပ်သည့်အခါ၊ အကြောင်းအရာသုံးရပ်ကို အာရုံစိုက်ပါမည်_ ပထမ ခရစ်ယာန်များကြားတွင် တာဝန်ခံမှုရှိရန်လိုအပ်မှု၊ ဒုတိယ ကျွန်ုပ်တို့၏ဆက်ဆံရေးတွင် ကရုဏာ၏တန်ဖိုး၊ နောက်ဆုံးအနေနှင့်၊ ဘုရားသခင်၏မိသားစုအတွင်း ပြန်လည်သင့်မြတ်ခြင်း၏ အရေးပါမှုစသည်တို့ဖြစ်သည်။ ခရစ်ယာန်များကြားတွင် တာဝန်ခံမှုရှိရန်လိုအပ်ကြောင်း ဦးစွာပြောကြပါစို့။

# တာဝန်ခံမှု

အစောပိုင်းတွင် ဖော်ပြခဲ့သည့်အတိုင်း၊ ဖိလေမုန်သြဝါဒစာ၌ ပေါလုသည် သြနေသိမ်ကို သူ၏ထောက်ခံချက်အတွက် သက်သေများအဖြစ် လူများစွာကို ဖော်ပြခဲ့သည်။ ၎င်းတို့တွင် အပ္ပိ၊ အာခိပ္ပု၊ ဧပေဖြနှင့် ကောလောသဲအသင်းတော်မှ လူများပါဝင်သည်။ ပေါလု ဤသို့လုပ်ဆောင်ရခြင်း၏အကြောင်းအရင်းကို ထင်ရှားစွာဖော်ပြခြင်းမရှိသော်လည်း၊ အကောင်းဆုံးရှင်းပြချက်မှာ ၎င်းတို့၏စောင့်ကြည့်နေသောမျက်လုံးများသည် ဖိလေမုန်အား မှန်ကန်သည့်အရာလုပ်ဆောင်ရန် တွန်းအားပေးလိမ့်မည်ဟု မျှော်လင့်ခြင်းပင်ဖြစ်သည်။ ဤနည်းဗျူဟာသည် ဧဖက် ၅:၁၁-၂၁ ပါ သူ၏သွန်သင်ချက်နှင့်အညီဖြစ်သည်။ ဤလမ်းညွှန်ချက်များကို ပေါလုပေးခဲ့သည့် ကျမ်းပိုဒ်မှအပိုင်းများကို အခန်းငယ် ၁၁-၁၅ ဖြင့်အစပြုကာ ကြည့်ပါမည်_

> အကျိုးမဲ့သောမှောင်မိုက်အမှုတို့နှင့် မဆက်ဆံသည်သာမက၊ ထိုအမှုတို့၏အပြစ်ကို ပြကြလော့။ အကြောင်းမူကား၊ သူတို့သည် ဆိတ်ကွယ်ရာ၌ ပြုသောအမှုအရာတို့ကို စကားပြောကာမျှ၌ ညစ်ညူးခြင်း ပါသေး၏။ အပြစ်ထင်ရှားသောအရာ ရှိသမျှတို့သည် အလင်းဖြင့် ထင်ရှားကြ၏။... ထိုကြောင့် ပညာမဲ့ကဲ့သို့မဟုတ်၊ ပညာရှိကဲ့သို့ စေ့စေ့မြဲမြဲ ကျင့်ဆောင်မည်အကြောင်း သတိပြုကြလော့ (ဧဖက် ၅:၁၁-၁၅)။

ခရစ်ယာန်များသည် အပြစ်များ—"အမှောင်ထု၏ အကျိုးမဲ့အလုပ်များ"—ကို အလင်းထဲသို့ ယူဆောင်လာခြင်းဖြင့် အပြစ်များကို ဖော်ထုတ်ရမည် ဖြစ်ကြောင်း ပေါလုသွန်သင်ခဲ့သည်။ သူ၏အကြောင်းပြချက်မှာ ကျွန်ုပ်တို့၏အပြစ်များကို မှောင်မိုက်ဖုံးကွယ်ထားသောအခါ၊ ကျွန်ုပ်တို့သည် ၎င်းတို့ကို ဆက်လက်တွယ်ကပ်နေနိုင်သည် ဟူ၍ဖြစ်သည်။ သို့သော် ထိုအရာတို့ကို ဖော်ထုတ်သည့်အခါ၊ ၎င်းတို့သည် မည်သို့ဖြစ်သည်ကိုကျွန်ုပ်တို့သိမြင်ပြီး ရှက်ကြသည်။ ကျွန်ုပ်တို့၏လုပ်ရပ်ကို အခြားသူများကသဘောမတူကြောင်း သိခြင်းသည် အပြစ်ကိုဆန့်ကျင်သည့် စွမ်းအားကြီးမားသောလှုံ့ဆော်မှုတစ်ခုဖြစ်သည်။ ထို့ကြောင့်၊ ကျွန်ုပ်တို့၏အပြစ်များကို မေတ္တာဖြင့်ဖော်ပြပြီး အရှက်ကွဲခြင်းမှ ကာကွယ်ပေးမည့် အခြားယုံကြည်သူများနှင့် ရင်းနှီးစွာမိတ်သဟာယဖွဲ့ခြင်းသည် အလင်းတွင်လျှောက်လှမ်းကာ ပညာရှိရာရောက်ပါသည်။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ယခု၊ ပေါလုသည် ခရစ်ယာန်များ အချင်းချင်းစစ်ဆေးသင့်သည် သို့မဟုတ် အချင်းချင်း ထောက်လှမ်းသင့်သည်ဟု ပြောနေခြင်းမဟုတ်ကြောင်း ကျွန်ုပ်တို့ ထပ်လောင်းပြောသင့်ပါသည်။ ယင်းအစား၊ သူသည် တာဝန်ခံမှုပညာရပ်ကို ညွှန်ပြနေခြင်းဖြစ်သည်။ ယနေ့ခေတ် ယဉ်ကျေးမှုအချို့ သည် ဖြောင့်မတ်သောအပြုအမူကိုလှုံ့ဆော်ပေးရန်အတွက် အရှက်တရားနှင့် မနှစ်သက်မှုများကို ပယ်ရှားသော်လည်း၊ အမှန်တရားမှာ ကျွန်ုပ်တို့မည်သည့်အရာလုပ်နေသည်ကို အခြားသူများသိသော အခါ၊ ကျွန်ုပ်တို့သည် စုံစမ်းနှောင့်ယှက်မှုများကို အရှုံးပေးရန်အကြောင်း နည်းပါသည်။ ထို့ကြောင့်၊ ကျွန်ုပ်တို့သည် အခြားယုံကြည်သူများနှင့် မိတ်သဟာယဖွဲ့ခြင်း တွင် ပွင့်လင်းမြင်သာစွာ နေထိုင်ခြင်းဖြင့် အပြစ်များစွာကို ရှောင်ရှားနိုင်ပါသည်။

သြနေသိမ်နှင့် ဖိလေမုန်ကိစ္စရပ်တွင်၊ ပေါလု၏ကျမ်းအကြောင်း အခြားမည်သူမျှမသိခဲ့ပါက၊ ပေါလုကိုယ်တိုင်လိုက်နာရန် အစီအစဉ်မရှိပါက၊ တာဝန်ခံမှုရှိမည်မဟုတ်ပါ။ ဖိလေမုန်သည် သြနေသိမ် ကို ကြမ်းတမ်းစွာဆက်ဆံရန် လွယ်ကူပေလိမ့်မည်။ သို့သော် ယင်းကိစ္စရပ်ကို လူသိရှင်ကြားဖြစ်စေခြင်း ဖြင့်၊ ဖိလေမုန်၏မိသားစုနှင့် အသင်းတော်သည် သြနေသိမ်အပေါ် ရက်ဖွယ်ကောင်းသောအပြုအမူမှန်သ မျှကို ထည့်သွင်းစဉ်းစားကာ ဖိလေမုန်သည် တာဝန်ခံရမည်ဖြစ်ကြောင်း ပေါလုကသေချာစေခဲ့သည်။ အခြားသူများအပေါ် တာဝန်ခံမှုရှိခြင်းသည် မှန်ကန်သောအရာကို လုပ်ဆောင်ရန် သူ့အား လှုံ့ဆော်ပေး လိမ့်မည်။

သမ္မာကျမ်းစာတစ်အုပ်လုံးတွင် အလားတူချဉ်းကပ်မှုကို ကျွန်ုပ်တို့တွေ့မြင်ရသည်။ ဘုရားသခင် သည် လူတို့၏အပြစ်များကို ဖော်ထုတ်မည်ဖြစ်ပြီး၊ သူတို့သည် အရှက်ကွဲခြင်းနှင့် အကျိုးနည်းခြင်းခံရ မည်ဖြစ်ကြောင်း သတိပေးခြင်းဖြင့် လူများကိုအပြစ်မှလွှဲရန် အကြိမ်ကြိမ်ကြိုးစားခဲ့သည်။ ဥပမာ၊ ဟဗက္ကုတ် ၂:၁၆ ကို နားထောင်ပါ၊ ဘုရားသခင်သည် ပရောဖက်အားဖြင့် ဤနှုတ်ကပတ်တော်များကို မိန့်တော်မူခဲ့သည်_

> သင်သည် အသရေပျက်၍ အရှက်ကွဲခြင်းနှင့် ဝလိမ့်မည်။...ထာဝရဘုရား၏ လက်ျာလက်တော်၌ရှိသော ဖလားသည် သင့်ဆီသို့ရောက်၍၊ ရွံရှာဘွယ်သော အော့အန်ခြင်းသည် သင့်အသရေကို လွှမ်းမိုးလိမ့်မည် (ဟဗက္ကုတ် ၂:၁၆)။

ဤတွင်၊ ဘုရားသခင်သည် လူတို့သည် ၎င်းတို့၏အပြစ်များကို မရှောင်လျှင်၊ "အရှက်ကွဲခြင်း" ပါဝင်သည့် ကျိန်ခြင်းများဖြင့် ခြိမ်းခြောက်ခဲ့သည်။ ယေဇကျေလ ၇:၁၈ တွင်၊ သခင်ဘုရားသည် အောက်ပါရှက်ကြောက်ခြင်း ခြိမ်းခြောက်မှုဖြင့် ဣသရေလလူမျိုးအား နာခံရန် လှုံ့ဆော်ခဲ့သည်_

> သူတို့သည်လည်း လျှော်တေအဝတ်ကို ဝတ်စည်းလျက်၊ ပြင်းစွာသော ထိတ်လန့်ခြင်းနှင့်ကိုယ်ကိုခြုံလျက်၊ တယောက်မျှမကြွင်း၊ မျက်နှာရှက်ကြောက်လျက်၊ ဆံပင်ဖြတ်လျက် ရှိကြလိမ့်မည် (ယေဇကျေလ ၇:၁၈)။

တာဝန်ခံမှုမရှိဘဲ၊ ခေတ်ကာလတိုင်းရှိ ခရစ်ယာန်များသည် လျှို့ဝှက်အပြစ်များကို စွဲကိုင်ရန် လွယ်ကူသည်။ ထို့ကြောင့်၊ အပြစ်ဒုစရိုက်မှရှောင်ကြဉ်ရန် နည်းလမ်းတစ်ခုမှာ ယုံကြည်သူချင်းများ အတွက်ပွင့်လင်း၍ မေတ္တာဖြင့် မိတ်သဟာယဖွဲ့ခြင်းဖြင့်၊ အချင်းချင်း တာဝန်ခံရန်ဖြစ်သည်။ မနှစ်သက် ခြင်းနှင့် အရှက်ကွဲအကျိုးနည်းခြင်းအတွက် အလားအလာသည် ကျွန်ုပ်တို့ကို အပြစ်မဖြစ်အောင်တားဆီး ပေးသည့် တစ်ခုတည်းသော ခရစ်ယာန်တာဝန်ခံမှုပုံစံမဟုတ်ပါ။ ဆန့်ကျင်ဘက်အနေနှင့်၊ ဖိလေမုန်ဩဝါ ဒစာတွင် ပေါလု၏ပုံသက်သေက ခရစ်ယာန်များသည် အားပေးစကားများပြောခြင်းဖြင့် အချင်းချင်း လည်းတာဝန်ခံနိုင်ကြောင်း အလေးပေးဖော်ပြသည်။ ခရစ်ယာန်မိတ်သဟာယဖွဲ့ခြင်း၏ရှင်လန်းမှုသည် ကျွန်ုပ်တို့အား အပြစ်ကိုရှောင်ရှားရန် ကူညီပေးသည်။ ဖေက် ၅:၁၉ မှပေါလု၏နုတ်ကပတ်တော်များကို နားထောင်ပါ_

> ဆာလံသီချင်းမှစသော ဓမ္မသီချင်း အမျိုးမျိုးတို့ကို အချင်းချင်း ပြောဆိုဘတ်ရွတ်၍၊ နူးညွတ်သော စိတ်နှလုံးနှင့် သခင်ဘုရားရှေ့တော်၌ ကျူး၍သီချင်း ဆိုကြလော့ (ဖေက် ၅:၁၉)။

ကျွန်ုပ်တို့သည် အမှားလုပ်ရန် သွေးဆောင်ခြင်းခံရသောအခါ၊ အခြားယုံကြည်သူများထံမှ အားပေးစကားများသည် ကျွန်ုပ်တို့အားအပြစ်လုပ်ခြင်းမှ တားဆီးပေးနိုင်သည်။

> ယုံကြည်သူများအနေဖြင့် ကျွန်ုပ်တို့သည် အချင်းချင်း မျှဝေရန်ဖြစ်သည်။ အချင်းချင်း ဝန်ခံရန်ဖြစ်ပါမည်။ ကျွန်ုပ်တို့သည် တစ်ဦးကိုတစ်ဦး ယုံကြည်မှုရှိရန်နှင့် တစ်ဦးကိုတစ်ဦးအားကိုးခြင်း ရှိရပါမည်။ တာဝန်ခံမှုသည် အရေးကြီးသော အစိတ်အပိုင်းတစ်ခုဖြစ်သည်…မည်သူမှ ကျွန်ုပ်ကိုမသိသော တစ်နေရာတွင် ကျွန်ုပ်မည်သို့လုပ်ဆောင်မည်နည်း။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်မည်သည့်အရာ လုပ်နေသည်ကို ဘုရားသခင်သိတော်မူသည်။ သို့သော် ကျွန်ုပ်၌ ပွင့်လင်းစွာဖွင့်ဟနိုင်သည့် အရင်းနှီးဆုံးမိတ်ဆွေတစ်ဦးရှိလျှင်၊ ကျွန်ုပ်၏ခံစားမှုကို ဖွင့်ပြောနိုင်ခြင်း၊ အကြံဉာဏ်ကိုရယူခြင်း၊ နှစ်သိမ့်မှုကို ရယူခြင်း၊ ကရုဏာကိုရယူခြင်းနှင့် “ထိုသို့မလုပ်ပါနှင့်”သို့မဟုတ် “အတူဖြတ် သန်းကြမည်”စသည့်အားပေးစကားများကို ကြားနိုင်မည်ဖြစ်သည်။ ဓမ္မသစ်ကျမ်းတွင် “အချင်းချင်း”ဟူသောစကားလုံးကို အကြိမ်မည်မျှ တွေ့မြင်ရသနည်း။ တစ်ဖန်၊ “အချင်းချင်း”ဟူသည် ကျွန်ုပ်တို့တစ်ဦးနှင့် တစ်ဦးရှိရမည့် ဆက်ဆံရေးများနှင့်ဆက်စပ်နေပါသည်။ ထို့ပြင် ဤတာဝန်ခံ မှုသည် ကျွန်ုပ်တို့ကို သာ၍သန်မာလာစေရန်၊ ကျွန်ုပ်တို့၏ဆက်ဆံရေးနှင့် လျှောက်လှမ်းမှုတွင် သာ၍ကြီးထွားလာစေရန် ကူညီပေးပါလိမ့်မည်။ ၎င်းသည် သန့်ရှင်းခြင်းလုပ်ငန်းစဉ်၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်၊ ကျွန်ုပ်တို့ တစ်ဦးနှင့်တစ်ဦး မျှဝေနိုင်သော မေတ္တာတရားဖြစ်သည်။

**Dr Thaddeus J. James, Jr.**

နောက်ဆုံး၊ ဧဖက် ၅:၂၁ တွင် ပေါလုက ကျွန်ုပ်တို့အပြန်အလှန်နာခံခြင်းအားဖြင့် အချင်းချင်း တာဝန်ခံရမည်ကို ဖော်ပြခဲ့သည်။ ရှင်ပေါလုရေးသည်မှာ

> ခရစ်တော်ကို ခန့်ညားသောအားဖြင့်၊ အချင်းချင်း
> တယောက်အောက်တယောက်ကိုယ်ကို နှိမ့်ချလျက်နေကြလော့ (ဧဖက် ၅:၂၁)။

အသင်းတော်သည် သန့်ရှင်းရန်ဖြစ်ပြီး၊ ဘုရားသခင်၏ နာခံမှုရှိသောသူများ မိတ်သဟာယပြုရန် ဖြစ်သည်။ ဤသည်မှာ အသင်းတော်၏အကြံဉာဏ်သည် ဝိညာဉ်ရေးရာနှင့် ဖြောင့်မတ်သည်ဟု ဆိုလို သည်။ ထို့ကြောင့်၊ ကျွန်ုပ်တို့သည် အချင်းချင်းမိတ်သဟာယဖွဲ့ကာ၊ ကုသိုလ်ကောင်းမှုပြုရန် အချင်းချင်း အားပေးခြင်းဖြင့်၊ ကျွန်ုပ်တို့၏အသင်းတော်ခေါင်းဆောင်များသည် ခရစ်တော်အတွက် အသက်ရှင် နေထိုင်ရန် ကျွန်ုပ်တို့အား သွန်သင်ပေးသည့်နည်းလမ်းများကို အထူးအာရုံစိုက်ရန် လိုအပ်သည်။ ထို့ပြင် ကျွန်ုပ်တို့သည် အခြားသောပညာရှိများနှင့် ဝိညာဉ်ရေးရာယုံကြည်သူများ၏ ဆုံးမစကားကို နားထောင် ရန်လိုအပ်သည်။ ဤနည်းများဖြင့် အချင်းချင်း နာခံခြင်းဖြင့်၊ ကျွန်ုပ်တို့သည် အပြစ်၏အန္တရာယ်များစွာ ကို ရှောင်ရှားနိုင်သည်။

ကျွန်ုပ်တို့တွေ့မြင်ခဲ့သည့်အတိုင်း၊ ပေါလုသည် သူ၏အခြားကျမ်းများတွင်တွေ့ရသော တာဝန်ခံမှု ဆိုင်ရာအခြေခံမှုများကို ဖိလေမုန်နှင့် သြနေသိမ်တို့နှင့် အပြန်အလှန်ဆက်ဆံရာတွင် အသုံးပြုခဲ့သည်။ ဖိလေမုန်ထံသူ၏မေတ္တာရပ်ခံချက်မှ၊ ခရစ်တော်၏ကိုယ်ခန္ဓာသည် ကျွန်ုပ်တို့အား အပြစ်သို့မကျရောက် စေရန် တားဆီးနိုင်ပြီး၊ ကောင်းသောအကျင့်များဆီသို့ ပို့ဆောင်နိုင်ပုံကို သိရှိလာပါသည်။ အပြစ်ကိုဖော် ထုတ်ခြင်း၊ အားပေးခြင်း၊ အချင်းချင်းနာခံခြင်းဖြင့် ကျွန်ုပ်တို့သည် "ပညာမဲ့မဟုတ် ပညာရှိကဲ့သို့"အသက် ရှင်နေထိုင်ရန် အချင်းချင်းကူညီကြသည်။

ဖိလေမုန်သြဝါဒစာသည် အသင်းတော်တွင် တာဝန်ခံမှုဆိုင်ရာနိယာမကို မည်သို့ကျင့်သုံးသည်ကို စဉ်းစားပြီးနောက်၊ ယခုကျွန်ုပ်တို့သည် အခြားခရစ်ယာန်များနှင့် ကျွန်ုပ်တို့၏ဆက်ဆံရေးတွင် ကရုဏာ ၏အရေးပါမှုကို ကျင့်သုံးခြင်းဆိုင်ရာ ဒုတိယအချက်ကို လေ့လာသင့်သည်။

## ကရုဏာ

မြေကြီးဆိုင်ရာဓမ္မအမှုတော်တွင် ခရစ်တော်ပြသခဲ့သော သွင်ပြင်လက္ခဏာများအားလုံးကို ထောက်ရှုလျှင် ကိုယ်တော်၏ကရုဏာသည် အထူးခြားဆုံးဖြစ်ပေမည်။ မှန်ပါသည်၊ ကိုယ်တော်သည် သန့်ရှင်းခြင်းနှင့် ရိုသေခြင်းအတွက် စိတ်အားထက်သန်ပြီး၊ ဖြောင့်မတ်ခြင်းနှင့် အကျင့်စာရိတ္တအပေါ် အလေးထားမှုကို ငြင်းမရနိုင်ပါ။ ဘုရားသခင်ကို နာခံခြင်း၌ တုနှိုင်းမယှဉ်နိုင်သော ကတိသစ္စာကိုလည်း ပြသခဲ့သည်။ သို့သော် သာ၍အမှတ်ရစရာမှာ ကိုယ်တော်၏ကြင်နာခြင်း၊ သနားမှု၊ စိုးရိမ်မှု၊ ဂရုစိုက်မှု၊ သူတစ်ပါးကို ချစ်မြတ်နိုးမှု၊ ခွင့်လွှတ်ရန် စိတ်အားထက်သန်မှု၊ အခြားသူများဒုက္ခမခံရစေရန် ဒုက္ခခံလို

သောဆန္ဒရှိမှုတို့ ဖြစ်သည်။ ခရစ်ဝင်ကျမ်းများတွင် သေလွန်သောသူတို့ကို ရှင်ပြန်ထမြောက်စေခြင်း၊ နှလုံးကြေကွဲသူများကို နှစ်သိမ့်ပေးခြင်း၊ ဖျားနာသူများကို ကုသပေးခြင်း၊ ခြေဆွံ့သူများကို ပြန်လည်ကောင်းမွန်စေခြင်း၊ ငတ်မွတ်သောသူတို့ကို ကျွေးမွေးခြင်း၊ ပျောက်သောသူများ၊ ထိခိုက်ဒဏ်ရာရသူများနှင့် နာကျင်ထိတ်လန့်နေသူများကို ထိန်းကျောင်းခြင်း၊—နှင့်ကိုယ်တော်ကိုမုန်းသောသူတို့အတွက် လက်ဝါးကပ်တိုင်တွင်အသေခံခြင်းစသည့် သခင်ယေရှု၏ဇတ်လမ်းများဖြင့် ပြည့်နှက်နေသည်။ ခရစ်တော်၏ကရုဏာသည် ကျွန်ုပ်တို့၏နှလုံးသားကို နက်ရှိုင်းစွာထိစေပါသည်။ ထိုနည်းတူ၊ ပေါလုသည် သူ၏ဖိလေမုန်ဩဝါဒစာတွင် ကရုဏာကို ပုံသက်သေပြခဲ့သည်။

ဖိလေမုန်ဩဝါဒစာတွင်တွေ့ရသော ကရုဏာအမျိုးအစားနှစ်မျိုးကို ကြည့်ပါမည်။ သနားကြင်နာခြင်းနှင့် ချစ်ခြင်းမေတ္တာဖြင့်အစပြုပြီး၊ ထို့နောက် အသနားခံခြင်းလုပ်ရပ်များကို ကြည့်ပါမည်။ ခရစ်ယာန်ကရုဏာကို ဖော်ပြသည့်အနေဖြင့် သနားကြင်နာခြင်းကိုလေ့လာခြင်းဖြင့် စတင်ကြပါစို့။

## သနားကြင်နာခြင်း

ပေါလုသည် သနားကြင်နာခြင်းနှင့် ချစ်ခြင်းမေတ္တာပြသရန် ယုံကြည်သူအားလုံးကို သွန်သင်ခဲ့သည်။ ၎င်းကို အသင်းတော်၌ဖိလေမုန်၏ အမှုတော်ဆောင်ခြင်းအတွက် ချီးမွမ်းစဉ်နှင့် ဤအရည်အချင်းများကို ဖိလေမုန်ထံ မေတ္တာရပ်ခံခြင်းအတွက် အခြေခံအဖြစ် ကျွန်ုပ်တို့တွေ့မြင်ရသည်။ ဖိလေမုန် ၇-၉ မှပေါလု၏နှုတ်ကပတ်တော်များကို နားထောင်ပါ_

> အချင်းငါ့ညီ၊ သင်သည် သန့်ရှင်းသူတို့၏စိတ်နှလုံးကို သက်သာစေသောကြောင့်၊ သင်၏မေတ္တာကိုထောက်၍ ငါတို့သည် အလွန်ဝမ်းမြောက်ချမ်းသာခြင်း ရှိ၏။...အသက်ကြီးသော ပေါလုတည်းဟူသော ယေရှုခရစ်ကြောင့် အကျဉ်းခံရသောသူ ဖြစ်လျက်ပင်၊ မေတ္တာအားဖြင့်သာ သင့်ကိုတောင်းပန်ပါ၏ (ဖိလေမုန် ၇-၉)။

ဖိလေမုန်မှတစ်ဆင့် "သန့်ရှင်းသူတို့၏စိတ်နှလုံးကို သက်သာစေသည့်"နည်းလမ်းများဖြင့် ပေါလုသည်လည်းအားပေးမှုရရှိခဲ့ပြီး ယင်းမှာအခြားယုံကြည်သူများအား သူ့အနေဖြင့် သနားကြင်နာခြင်းပြသသည့်နည်းလမ်းများဖြစ်သည်။ ပေါလုသည် အသက်ကြီးသူနှင့် အကျဉ်းသားတစ်ဦးဖြစ်ပြီး သနားခြင်းနှင့် အကူအညီပေးထိုက်သူဖြစ်ကြောင်းအခြေခံ၍ အလားတူသနားကြင်နာခြင်းကို တောင်းခံခဲ့သည်။ ကောလောသဲ ၃:၁၁-၁၂ တွင် သူရေးခဲ့သည်မှာ_

> ခရစ်တော်သည် အလုံးစုံတို့၌ အလုံးစုံဖြစ်တော်မူ၏။ ထို့ကြောင့် သင်တို့သည် ဘုရားသခင် ရွေးကောက်သောသူ၊ သန့်ရှင်းသောသူ၊ ချစ်အပ်သောသူ ကဲ့သို့၊ သနားစုံမက်ခြင်း၊ ကျေးဇူးပြုခြင်း၊ စိတ်နှိမ့်ချခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ စိတ်ရှည်ခြင်းတို့ကို ယူတင်ဝတ်ဆောင်ကြလော့ (ကောလောသဲ ၃:၁၁-၁၂)။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

အခြားယုံကြည်သူများသည် သခင်ယေရှုနှင့် စည်းလုံးညီညွတ်သောကြောင့်၊ ကျွန်ုပ်တို့သည် သခင်ကို ဆက်ဆံသကဲ့သို့လည်းကောင်း၊ သခင်သည် ကျွန်ုပ်တို့အားဆက်ဆံသကဲ့သို့လည်းကောင်း ၎င်းတို့ကို ဆက်ဆံရမည်ဖြစ်သည်။ သူတို့၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် ကြိုးပမ်းရင်းနှင့် များပြားသည့် ဂရုစိုက်မှုကို ပြသရမည်ဖြစ်သည်။ ဤနည်းလမ်းနှင့် အခြားနည်းလမ်းများစွာဖြင့် သနား ကြင်နာခြင်းနှင့် ချစ်ခြင်းမေတ္တာသည် ခရစ်ယာန်အသက်တာ၏ အရေးကြီးသောကဏ္ဍများဖြစ်ကြောင်း ပေါလုဖော်ပြခဲ့သည်။ ထို့ကြောင့်၊ ပေါလုနှင့်ဖိလေမုန်ကဲ့သို့ပင် မျက်မှောက်ခေတ်ခရစ်ယာန်များသည် ယုံကြည်သူချင်းများအား သနားခြင်းနှင့် ချစ်ခြင်းမေတ္တာဖြင့် လှုံ့ဆော်ရမည်ဖြစ်သည်။ အခြားသူများ၏ လိုအပ်ချက်များကို တတ်နိုင်သလောက် ဖြည့်ဆည်းပေးရမည်ဖြစ်သည်။

> ဖိလေမုန်ဩဝါဒစာသည် အခြားသူများကို ကြင်နာစွာနှင့် ကရုဏာဖြင့်ဆက်ဆံရ မည်ဟူသော စံနမူနာကောင်းတစ်ခုဖြစ်သည်။ ၎င်းအတွက် အကြောင်းရင်းမှာ၊ ဘုရားသခင်၏လူများအနေဖြင့် ကျွန်ုပ်တို့သည် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာ ကို ထင်ဟပ်ပြီး၊ ဘုရားသခင့်ချစ်ခြင်းမေတ္တာ၏ ကိရိယာများဖြစ်ရန် ဖြစ်သည်။ ထို့ပြင်၎င်းသည် ဘုရားသခင်၏ ကျွန်ုပ်တို့အပေါ်ဆက်ဆံပုံနှင့်အညီ အခြားသူများ အားဆက်ဆံခြင်းကို ဆိုလိုသည်။ ထို့ကြောင့်၊ ပေါလုသည် ဖိလေမုန်အား ပေါလုဆက်ဆံသည့်နည်းအတိုင်း ထွက်ပြေးသွားသောကျွန်ဩနေသိမ်ကို ဆက်ဆံရန် ဖိလေမုန်ထံမေတ္တာရပ်ခံသောအခါ၊ သူသည် ထိုပုံစံကိုနှစ်သက် သည်ကို သင်တွေ့မြင်နိုင်ပါသည်။ ပေါလုကို ဘုရားသခင် ဆက်ဆံခဲ့သော ပုံစံသည် ဖိလေမုန်ကို ပေါလုပြုမူဆက်ဆံခဲ့သည့် ပုံစံဖြစ်ပြီး၊ ယခု ပေါလုသည် ဖိလေမုန်အား ဩနေသိမ်ကို ထိုနည်းအတိုင်း ဆက်ဆံရန်တောင်းဆိုသည်... ထို့ကြောင့် ကျွန်ုပ်တို့နှင့် ဘုရားသခင်၏ဆက်ဆံပုံသည် အချင်းချင်းကြား ဆက်ဆံမှု၏ အခြေခံပုံစံဖြစ်သည်။
>
> **သိက္ခာတော်ရ ဆရာကြီး Michael J. Glodo**

သနားကြင်နာမှုပြခြင်းအပြင်၊ ဖိလေမုန်ကို ပေါလုအားပေးခဲ့သော ဒုတိယတစ်မျိုးမှာ ကရုဏာပြ ခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် အချင်းချင်း ထောက်ခံအားပေးသူများ ဖြစ်ရပါမည်။

## အသနားခံခြင်း

အသနားခံခြင်းသည် ပုံစံအမျိုးမျိုးရှိနိုင်သည်။ တစ်ခါတစ်ရံတွင်၊ ၎င်းသည် အခြေအနေအရပ်ရပ် ကို—ပုဂ္ဂိုလ်ရေးအန္တရာယ်များစွာမရှိဘဲ— အခြားသူတစ်ဦးကို မျက်နှာသာလွှဲပေးသည့် ထင်မြင်ချက် တစ်ခုကို ဖော်ပြခြင်းကဲ့သို့ ဖြစ်နိုင်သည်။ သို့သော် အခြားအချိန်များတွင်၊ အခြားသူများအတွက် ကြားဝင် တောင်းပန်ခြင်းသည် အပြစ်ရှိသူတစ်ဦးကို ကာကွယ်ရန်အတွက် အသက်စွန့်ခြင်းကဲ့သို့ ပြင်းထန်နိုင် သည်။ ဤအသနားခံခြင်းအမျိုးအစား၏ အထင်ရှားဆုံးဥပမာမှာ အပြစ်သားများကယ်တင်ခြင်းရရှိရန်

အတွက် ခရစ်တော်ပူဇော်သောယဇ်ဖြစ်သည်။ ဤအစွန်းနှစ်ဖက်ကြားတွင်၊ အခြားသောအသနားခံခြင်း အမျိုးအစားများစွာ ဖြစ်နိုင်သည်။ ဖိလေမုန် ၁၇-၁၉ တွင် ဖိလေမုန်အား ဩနေသိမ်ကိုယ်စားပြောသော ပေါလု၏နှုတ်ကပတ်တော်များကို နားထောင်ပါ_

> သို့ဖြစ်၍ သင်သည်ငါ့ကို အပေါင်းအဘော်ကဲ့သို့မှတ်လျှင်၊ သူ့ကိုငါကဲ့သို့ပင် လက်ခံလော့။ သူသည် သင်၌ပြစ်မှားခြင်း၊ ကြွေးတင်ခြင်း တစုံတခုရှိလျှင်၊ ငါ့အတွက်အတာမှတ်လော့။ ဆပ်ပေးမည် (ဖိလေမုန် ၁၇-၁၉)။

ပေါလု၏စံနမူနာမှ ကျွန်ုပ်တို့အားလုံးသည် အလားတူနည်းများဖြင့် အခြားယုံကြည်သူများ အတွက် ဆုတောင်းပေးရန်တောင်းဆိုထားသည်။ တခါတရံ ရိုးရှင်းသောနည်းလမ်းများဖြင့် ဆုတောင်းရန် ကျွန်ုပ်တို့ကို ဖိတ်ခေါ်သည်။ အခြားအချိန်များတွင်၊ အခြားသူများအပေါ်ထားသော ကျွန်ုပ်တို့၏ကရုဏာ သည် ကြီးမားသောအသနားခံခြင်းအဆင့်သို့ ကျွန်ုပ်တို့ကို ခေါ်ဆောင်သွားနိုင်သည်။ အချို့သောကိစ္စရပ် များတွင်၊ ကရုဏာသည် အခြားသူများ၏အကျိုး သို့မဟုတ် အကာအကွယ်အတွက် ကျွန်ုပ်တို့၏အသက် ကိုစွန့်ခြင်းဖြင့် ကြားဝင်ဆောင်ရွက်ပေးရန်ပင် ကျွန်ုပ်တို့ကိုတွန်းအားပေးနိုင်ပါသည်။ ဧဖက် ၅:၁-၂ တွင် ပေါလုရေးခဲ့သည့်အတိုင်း_

> ဘုရားသခင် ကျင့်တော်မူသည် နည်းတူကျင့်ကြလော့။ ခရစ်တော်သည် ငါတို့ကို ချစ်တော်မူသောအားဖြင့် ဘုရားသခင့်ရှေ့တော်၌ မွှေးကြိုင်သောအနံ့ရှိစေ ခြင်းငှါ၊ ကိုယ်ကိုကိုယ်ဆက်ကပ်၍ ယဇ်ပူဇော်လျက်၊ ငါတို့အတွက် စွန့်တော်မူသည်နည်းတူ၊ သင်တို့သည် မေတ္တာတရား၌ ကျင်လည်ကြလော့ (ဧဖက် ၅:၁-၂)။

ကျွန်ုပ်တို့သည် ဖိလေမုန်ဩဝါဒစာတွင် ပေါလု၏သွန်သင်ချက်သည် အသင်းတော်၌တာဝန်ခံမှု နှင့် ခရစ်ယာန်ကရုဏာနှင့်သက်ဆိုင်သည်ကို တွေ့မြင်ပြီးနောက်၊ ယခု သခင်ယေရှုခရစ်အားဖြင့် ယုံကြည်သူများအချင်းချင်း ရင်ကြားစေ့ရေးတွင် ပေါလုသည် မည်ကဲ့သို့လေးနက်စွာ သန္နိဋ္ဌာန်ချထား ကြောင်းကိုလည်း ဖော်ပြသင့်ပါသည်။

## ရင်ကြားစေ့ရေး

ရင်ကြားစေ့ရေးအကြောင်း ပြောသည့်အခါ၊ ယခင်မရှိခဲ့ဖူးသည့် နေရာတွင်စည်းလုံးညီညွတ်မှုနှင့် ချစ်ခြင်းမေတ္တာကို ဖန်တီးခြင်းမဟုတ်ကြောင်းကို ရှင်းလင်းစွာ ပြောရန်လိုပါသည်။ ယင်းအစား၊ကျွန်ုပ်တို့ သည် ယခင်ကရန်လိုမှုများရှိခဲ့သည့်နေရာတွင် စည်းလုံးမှုနှင့် ချစ်ခြင်းမေတ္တာကို ဖန်တီးခြင်းအကြောင်း ပြောနေခြင်းဖြစ်ပါသည်။ ရင်ကြားစေ့ရေးသည် ခွင့်လွှတ်ခြင်းနှင့် သနားကြင်နာခြင်းတွင် အခြေခံနေပြီး၊ ၎င်းကို စိတ်ရှည်သည်းခံခြင်းဖြင့် ထိန်းသိမ်းထားသည်။ ကျွန်ုပ်တို့ကြားတွင် ပဋိပက္ခ၏ အရင်းအမြစ်ရှိ သည်ဟု ယူဆသော်လည်း၊ ပိုမိုကောင်းမွန်သောအရာကို ရှာဖွေရန် ကျွန်ုပ်တို့သည် ပဋိပက္ခကို ဘေးဖယ်



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ထားလိုက်သည်—ဆိုလိုသည်မှာ အချင်းချင်းငြိမ်းချမ်းရန်၊ အချင်းချင်းအပြန်အလှန် မေတ္တာထားရန်၊ အချင်းချင်း အပြန်အလှန်ထိန်းကျောင်းရန် ဖြစ်သည်။

ကောလောသဲသြဝါဒစာနှင့် ဧဖက်သြဝါဒစာများတွင် ပေါလုသည် ယုံကြည်သူများအကြား၊ တစ်ဦးချင်းနှင့် အသင်းအဖွဲ့ လူမျိုးစုများကြား ရင်ကြားစေ့ရေးအကြောင်း မကြာခဏပြောခဲ့သည်။ ထို့အပြင် ဤရင်ကြားစေ့ရေးသည် ခရစ်ယာန်ယုံကြည်ခြင်း၏ မရှိမဖြစ်အစိတ်အပိုင်းတစ်ခုအဖြစ် ဖော်ပြခဲ့သည်။ ဖိလေမုန်သြဝါဒစာတစ်ခုလုံးသည် သြနေသိမ်နှင့်ဖိလေမုန်နှစ်ဦးစလုံးသည် ၎င်းတို့၏ ဆက်ဆံရေးကိုပြန်လည်ထူထောင်ရန်တာဝန်ရှိကြောင်းနှင့် အာဃာတမရှိဘဲ ခရစ်တော်၌ညီအစ်ကိုများ အဖြစ် အချင်းချင်းခင်မင်ရင်းနှီးရန်တာဝန်ရှိသည်ဟူသောအမှန်တရားအပေါ် အခြေခံထားသည်။

သြနေသိမ်သည် ပေါလု၏ဓမ္မအမှုတော်အောက်တွင် ခရစ်ယာန်ဘာသာသို့ကူးပြောင်းပြီးနောက် သူပြုခဲ့သော သူ၏အပြစ်အတွက် နောင်တရ ရမည်ဖြစ်သည်။ ဖိလေမုန်၏ကျွန်အနေဖြင့်လည်း၊ ဖိလေမုန်၏တရားစီရင်ချက်အတိုင်း နာခံရမည်ဖြစ်သည်။ တစ်ဖန် ဖိလေမုန်သည် သြနေသိမ်ကို ချစ်ရန်၊ သနားကြင်နာခြင်းဖြင့်ဆက်ဆံရန်၊ သူ၏အပြစ်ကို ခွင့်လွှတ်ရန်နှင့် ခရစ်တော်၌ညီအစ်ကိုကဲ့သို့ လက်ခံရန်တာဝန်ရှိသည်။ ထိုနည်းတူ၊ မျက်မှောက်ခေတ်ယုံကြည်သူများသည် နောင်တရရန်၊ အချင်းချင်း ခွင့်လွှတ်ရန်နှင့် မှန်ကန်သောဆက်ဆံရေးကို ပြန်လည်တည်ဆောက်ရန် စိတ်အားထက်သန်နေရမည် ဖြစ်သည်။

> သင်၌ တစ်ဦးနှင့်တစ်ဦးကွဲကွာနေသော ဖိလေမုန်နှင့် သြနေသိမ်တို့ ရှိပြီး၊ ပေါလုသည် စွန့်စား၍ စွန့်လွှတ်အနစ်နာခံ လုပ်ဆောင်နေခြင်းသည် ကွဲကွာနေသော ဤသူတို့နှစ်ဦးကို ပြန်လည်ပေါင်းစည်းရန် ကြိုးစားနေခြင်းပင် ဖြစ်သည်။ ပေါလုလုပ်ဆောင်သောအရာသည် သာဓကဖြစ်ပြီး—အချို့ ဂရိအသုံးအနှုန်းများတွင်ပင် ဤအရာကို သင်မြင်ရသည်—သူသည် ယေရှုခရစ်၌ ဘုရားသခင်ထံတော်တွင် အပြစ်သားများ၏ ပြန်လည်သင့်မြတ်ခြင်းကို စံနမူနာပြနေပြီး၊ အသင်းတော်သည် ခရစ်တော်၌ ဘုရားသခင်နှင့် မိဿဟာယ ဖွဲ့သောနေရာဖြစ်ရမည်၊ ကွဲလွဲမှုများ သို့မဟုတ် ကွဲပြားမှုများရှိလျှင်ပင် ကျွန်ုပ်တို့သည် ခရစ်တော်၏ကိုယ်ခန္ဓာ၌ ရင်ကြားစေ့ရေးဆီသို့ လုပ်ဆောင်ရန် အဖိုးအခနှင့် ပေးဆပ်ခြင်းပင် ဖြစ်သင့်သည်ဟု သူပြောပါသည်၊ ကျွန်ုပ်တို့သည် မိမိကိုယ်ကို ကယ်တင်ခြင်း၊ ကျွန်ုပ်တို့၏ကယ်တင်ခြင်းတွင် ပါဝင်ကူညီနေခြင်း မဟုတ်ပါ၊ သို့သော် ကျွန်ုပ်တို့အတွက် ဘုရားသခင် ပထမဆုံးလုပ်ဆောင် ပေးသောအရာကို လူသားအဆင့်တွင် ဖော်ပြနေခြင်းဖြစ်သည်။
>
> **Dr Guy Waters**

ပေါလုခေတ်တွင်၊ အသင်းတော်ရှိ မတူညီသောလူမျိုးစုများကြား၊ အထူးသဖြင့် ယုဒလူမျိုးများ နှင့်တစ်ပါးအမျိုးသားများကြားတွင် တင်းမာမှု၊ နာကြည်းမှုနှင့် ပဋိပက္ခများ နက်ရှိုင်းစွာတည်ရှိခဲ့သည်။

သို့တိုင်၊ ပေါလုသည် ထိုသို့သောပြဿနာများအတွက် အခြေခံအကြောင်းရင်းကို ခရစ်တော်က ပယ်ရှားခဲ့ကြောင်း အခိုင်အမာပြောဆိုခဲ့သည်။ ခရစ်တော်၌၊ အသင်းတော်ရှိ လူမျိုးရေးပဋိပက္ခအားလုံးသည် အကျုံးမဝင်သောကြောင့် အပြစ်ဖြစ်သည်။ ဧဖက် ၂:၁၄-၁၆ တွင်ပေါလုရေးခဲ့သော ဤနှုတ်ကပတ်တော်များကို နားထောင်ပါ_

> အဘယ်သို့နည်းဟူမူကား၊ ထိုသခင်သည် ငါတို့ရန်ငြိမ်းခြင်းအကြောင်း ဖြစ်တော်မူ၏။ ဝိနည်းအထုံးအဖွဲ့နှင့်စပ်ဆိုင်သော ပညတ်တရားတည်းဟူသော ရန်ငြိုးဖွဲ့ခြင်း၏အကြောင်းကို ကိုယ် ခန္ဓာတော်တွင် ပယ်ရှင်းတော်မူသဖြင့်၊ ပိုင်းခြားလျက်ရှိသော စပ်ကြားအုတ်တန်တိုင်းနံရံကို ဖြိုဖျက်၍…ကိုယ်တော်၌ ထိုလူနှစ်စုတို့ကို လူသစ်တဦး တကိုယ်တည်းဖြစ်စေခြင်းငှါပြင်ဆင်၍၊ တလုံးတဝတည်း ဖြစ်ပြီးသော ထိုလူနှစ်စုတို့ကို၊ လက်ဝါးကပ်တိုင်တော်အားဖြင့် ရန်ကို သတ်ဖြတ်လျက်၊ ဘုရားသခင်နှင့် မိဿဟာယဖွဲ့စေမည်အကြောင်းတည်း (ဧဖက် ၂:၁၄-၁၆)။

ဤနေရာတွင် ကျွန်ုပ်တို့တွေ့မြင်ရသည့်အတိုင်း၊ ခရစ်တော်ကိုယုံကြည်သော ယုဒလူမျိုးနှင့် တစ်ပါးအမျိုးသားများကြား ပြန်လည်ပေါင်းစည်းခြင်းသည် ခရစ်တော်နှင့် ကျွန်ုပ်တို့၏စည်းလုံးခြင်းအတွက် အရေးကြီးသော မျက်နှာစာဖြစ်သည်။ ထို့ကြောင့်၊ ၎င်းသည် ဘုရားသခင်နှင့် ကျွန်ုပ်တို့ ပြန်လည်သင့်မြတ်ခြင်း၏ မရှိမဖြစ်လိုအပ်သော အတိုင်းအတာတစ်ခုဖြစ်သည်။ ထို့ပြင် ကျွန်ုပ်တို့ခေတ်တွင် လူမျိုးရေးအရ နာကြည်းမှုများ၊ ရန်တွေ့ခြင်းများ၊ ယုံကြည်သူများကြားတွင် အခြားသော ပဋိပက္ခများနှင့်ပတ်သက်၍လည်း အလားတူပင်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့သည် ခရစ်တော်နှင့်စည်းလုံးညီညွတ်သောကြောင့်၊ ကျွန်ုပ်တို့အားလုံး ခွင့်လွှတ်ခံရပြီး ကောင်းချီးမင်္ဂလာများ ရရှိကြသည်။ ထို့ကြောင့်၊ ယုံကြည်သူတိုင်းနှင့် ပြန်လည်သင့်မြတ်ခြင်းကိုငြင်းဆိုရန် ကျွန်ုပ်တို့၌ အခြေအနေမရှိပါ။ ကျွန်ုပ်တို့၏သခင်သည် ကျွန်ုပ်တို့ကြားရှိပဋိပက္ခအတွက် အခြေခံမှန်သမျှကို ဖယ်ရှားခဲ့သည်၊ ထို့ကြောင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ရန်တွေ့ခြင်းကို အပြစ်အဖြစ်အသိအမှတ်ပြုကာ ခရစ်တော်၏ကိုယ်ခန္ဓာ၌ စည်းလုံးမှု၊ ချစ်ခြင်းမေတ္တာနှင့် သဟဇာတဖြစ်ရန်ကြိုးစားအားထုတ်ရမည်ဖြစ်သည်။ ဧဖက် ၄:၃၂ မှပေါလု၏နှုတ်ကပတ်တော်များကို နားထောင်ပါ_

> အချင်းချင်းကျေးဇူးပြုခြင်း၊ သနားစုံမက်ခြင်း၊ ဘုရားသခင်သည် ခရစ်တော်ကြောင့် သင်တို့၏အပြစ်ကို လွှတ်တော်မူသကဲ့သို့ အချင်းချင်း အပြစ်လွှတ်ခြင်း ရှိကြလော့ (ဧဖက် ၄:၃၂)။

ကောလောသဲ ၃:၁၃-၁၅ ပါ သူ၏သွန်သင်ချက်ကို သုံးသပ်ကြည့်ပါ_

> တယောက်၌တယောက် အပြစ်တင်စရာအခွင့် ရှိလျှင်၊ အချင်းချင်းသည်းခံ၍ အပြစ်ကိုလွှတ်ကြလော့။ ခရစ်တော်သည် သင်တို့၏အပြစ်ကို လွှတ်တော်မူ



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> သကဲ့သို့၊ ထိုနည်းတူပြုကြလော့။ စုံလင်ခြင်းအဖွဲ့အစည်းတည်းဟူသော ချစ်ခြင်းမေတ္တာကို ထပ်၍ ယူတင်ဝတ်ဆောင်ကြလော့။ သင်တို့စိတ်နှလုံးအထဲ၌ ခရစ်တော်၏ ငြိမ်သက်ခြင်းအုပ်စိုးစေ။ ထိုသို့အလိုငှါ သင်တို့သည် တလုံး တကိုယ်တည်း၌ ခေါ်ထားတော်မူခြင်းကို ခံကြသည်ဖြစ်၍၊ (ကောလောသဲ ၃:၁၃-၁၅)။

ကျွန်ုပ်တို့၏ မလိုမုန်းထားမှုများနှင့် နာကြည်းမှုများကို စွန့်လွှတ်ရန်၊ အချင်းချင်းချစ်ရန်၊ ခရစ်တော်၏အမြင်ဖြင့် ခရစ်ယာန်တစ်ဦးစီကို မြင်ရန်၊ ငြိမ်းချမ်းမှုကို အတူတကွခံစားရန် ကျွန်ုပ်တို့ ခေါ်ထားပါသည်။ ပေါလုသည် ဖိလေမုန်နှင့် ဩနေသိမ်တို့ကို အားပေးသကဲ့သို့၊ ယုံကြည်သူများကြား ရင်ကြားစေ့ရေးသည် မျက်မှောက်ခေတ်အသင်းတော်တွင် ဦးစားပေးသင့်သည်။

# နိဂုံး

ဤသင်ခန်းစာတွင်၊ သူ၏ ကောလောသဲမြို့မှမိတ်ဆွေ ဖိလေမုန်ထံသို့ရေးသော ပေါလု၏ ကျမ်းတစ်စောင်ကို ကျွန်ုပ်တို့လေ့လာခဲ့ပါသည်။ ဤကျမ်း၏နောက်ခံသမိုင်းကို ကျွန်ုပ်တို့ လေ့လာခဲ့သည်။ ကျမ်း၏ဖွဲ့စည်းပုံနှင့် အကြောင်းအရာကို ကျွန်ုပ်တို့လေ့လာခဲ့သည်။ ဖိလေမုန်ဩဝါဒစာမှ ယနေ့ ကျွန်ုပ်တို့၏အသက်တာအတွက် လုပ်ဆောင်သင့်သည့် အရေးကြီးသော မျက်မှောက်ခေတ်ကျင့်သုံးခြင်းများစွာကို ကျွန်ုပ်တို့တွေ့မြင်ခဲ့ရသည်။

ဖိလေမုန်ဩဝါဒစာသည် သေးငယ်သော်လည်း ဓမ္မသစ်ကျမ်း၏အံ့ဩဖွယ်ကောင်းသောအပိုင်း ဖြစ်သည်။ တမန်တော်ပေါလုသည် အခြားယုံကြည်သူများနှင့် ပုဂ္ဂိုလ်ရေးအရ မည်သို့ဆက်စပ်နေပုံနှင့် ပတ်သက်၍ ထူးခြားသောထိုးထွင်းသိမြင်မှုကို ကျွန်ုပ်တို့အားပေးသည်။ ၎င်းသည် သူ၏သွန်သင်ချက်များကို သူ၏ဘဝနှင့် အခြားသူများ၏အသက်တာတွင် မည်သို့ကျင့်သုံးသည်ကို ပြသသည်။ ထို့ကြောင့်၊ ဤဩဝါဒစာသည် အသင်းတော်ရှိ ယုံကြည်သူတိုင်း၏တန်ဖိုးနှင့် ၎င်းတို့၏တန်ဖိုးသည် ကျွန်ုပ်တို့၏ဘဝ အသက်တာအပေါ် မည်သို့အကျိုးသက်ရောက်သည်ကို များစွာသင်ကြားပေးပါသည်။ ဖိလေမုန်ဩဝါဒစာတွင်၊ ပေါလုသည် သူသွန်သင်သောအခြေခံမှုများကို စံနမူနာပြခဲ့သည်။ ကျွန်ုပ်တို့သည် ဤအခြေခံမှုများကို နှလုံးသွင်းသည့်အခါ၊ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့တစ်ဦးနှင့်တစ်ဦးအစေခံပြီး ခရစ်တော်၏ဘုန်း အသရေအတွက် အသင်းတော်ကိုတည်ဆောက်စဉ်တွင် ခရစ်ယာန်သွန်သင်ချက်များကို လက်တွေ့ကျင့်သုံးနိုင်သည့် လက်တွေ့ကျနည်းလမ်းများကို တွေ့မြင်ရမည်ဖြစ်သည်။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။